**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၇၇)**

နေ့စွဲ – ၈. ၅. ၂၀၁၁

## အကန့်အသတ်ရှိသောအပြစ်ဖြေခြင်းအကြောင်း (Limited Atonement)

ကဲလ်ဗင်းဝါဒီများအားလုံးက အကန့်အသတ်ရှိသောအပြစ်ဖြေခြင်းအကြောင်းကို ယုံကြည်ကြပါသည်၊ ဆိုလိုသည်မှာ ခရစ်တော်သည် လူသားတယောက်မကျန်အတွက် အသေမခံပါ၊ ရွေးကောက်ခြင်းခံရသူတို့အတွက်သာ အသေခံပါသည်ဟူ၍ဖြစ်သည်။ အကန့်အသတ်ရှိသောအပြစ်ဖြေခြင်းဟုပြောသောကြောင့် ခရစ်တော်၏အသေခံခြင်း ၏တန်ခိုး (သို့) တန်ခိုး၊ ခရစ်တော်၏အသွေးတော်၏ တန်ဖိုး(သို့)တန်ခိုးသည် အကန့်အသတ်ရှိသည်ဟုပြောနေခြင်း မဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ သူသည် အရေအတွက်အကန့်အသတ်နှင့်ဖြစ်သောလူတစုအတွက်သာ အသေခံသည်ဟု ပြောခြင်းဖြစ်ပါသည်။

ထို့ကြောင့် အကန့်အသတ်ရှိသောအပြစ်ဖြေခြင်း ဆိုသည်ထက် သီးသန့်ကျသောအပြစ်ဖြေခြင်းဟု ပြောလျှင် ပိုမှန်မည်ထင်ပါသည်။ သီးသန့် ဆိုသည့်စကားလုံးက ခရစ်တော်သည် သီးသန့်လူတစုအတွက်သာ အသေခံပါသည်၊ တယောက်မကျန်အတွက် အသေမခံပါဆိုသော ကျမ်းစာ၏အမှန်တရားကို အထူးပြုစေပါသည်။

ကျွန်တော်တို့ ထိုသို့ယုံကြည်ရသည်မှာ ကျမ်းပိုဒ်အတော်များများက ခရစ်တော်သည် အားလုံးအတွက်အသေမခံပါ၊ လူအများအတွက်သာ အသေခံပါသည်ဟု သင်ပေးသောကြောင့်ဖြစ်ပါသည်(ဟေရှာ ၅၃း၁၁၊ မဿဲ ၂၀း၂၈၊ ၂၆း၂၈၊ ဟေဗြဲ ၉း၂၈)။ ဆိုလိုသည်မှာ သူသည်သူ့လူများအတွက်အသေခံပါသည် (ဟေရှာ ၅၃း၁၁၊ မဿဲ ၁း၂၁)၊ သူ့သိုးများအတွက်အသေခံပါသည်(ယော ၁၀း၁၄၊ ၁၅၊ ၂၆–၂၈)၊ သူ့အသင်းတော်အတွက် အသေခံပါသည် (တမန် ၂၀း၂၈)။

"အားလုံးအတွက်၊" "ကမ္ဘာကြီးအတွက်"ဟု ပြောသောကျမ်းပိုဒ်များက ထို အကန့်အသတ်ရှိသောလူတစုအတွက်သာဟုပြောသော ကျမ်းပိုဒ်များကို မည်သည့်နည်းနှင့်မျှ ကန့်ကွက်ခြင်းမရှိပါဟုလည်း ကျွန်တော်တို့ ယုံကြည်ကြပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အချင်းအချင်း ဆန့်ကျင်မနေနိုင်ပါ။ ထို "အားလုံး"ဟု ပြောနေသည့်ကျမ်းပိုဒ်များက ဆိုလိုချင်သည်မှာ ခရစ်တော်သည် လူမျိုးခွဲခြားခြင်းမရှိ လူမျိုးအားလုံးအတွက်အသေခံပါသည်ဟု ပြောနေကြခြင်းဖြစ်ပါသည်၊ ခရစ်တော်သည် လူမျိုးစုံအတွက် အသေခံပါသည် (၁တိ ၂း၁–၆)၊ သူ့ထံတွင် ရှိနေသူအားလုံးတို့အတွက် အသေခံပါသည် (၁ကော ၁၅း၂၂)၊ (သို့) သူပိုင်သောလူများရှိနေသည့် ကမ္ဘာကြီးအတွက်အသေခံပါသည်၊ အဘယ်ကြောင့်ဆိုသော် သူရွေးကောက်ထားသူများ သည့် ကမ္ဘာ့တိုင်းနိုင်ငံတိုင်း၌ရှိနေကြသည် (ယော ၃း၁၆ ကို ၁၇း၉ နှင့်နှိုင်းယှဉ်ဖတ်ကြည့်ပါ)။

အကန့်အသတ်ရှိသောအပြစ်ဖြေခြင်းဩဝါဒကသာ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် မြှင့်တင်ပါသည်။ ခရစ်တော်သည် အားလုံးအတွက်သေသည် သို့သော် အများသည် ကယ်တင်ခြင်းမရကြပါဆိုသော အိုင်ဒီယာက ခရစ်တော်၏ကယ်တင်သောအလုပ်ကို အဆင့်နိမ့်ကျစေပါသည်။ ထိုသွန်သင်ခြင်းက ခရစ်တော်သည် သူ၏အသေခံပေးခြင်း၊ ဒုက္ခဝေဒနာများခံစားပေးခြင်းဖြင့် ကျွန်တော်တို့၏ ကယ်တင်ခြင်းအတွက် လိုအပ်သည်များကို ပြည့်စုံအောင်လုပ်မပေးပါ၊ တစုံတခုလုပ်ရန်ကျန်နေသေးပါသည်ဟု ဆိုလိုနေပါသည် (အများအားဖြင့် လူ၏လွတ်လပ်စွာရွေးချယ်ပိုင်ပိုင်ခွင့်ဟု အကြောင်းပြလေ့ရှိတတ်ကြသည်)။ ခရစ်တော်သည် လူသားအားလုံးတယောက်မကျန်အတွက်သေသည်၊ သို့သော် တချို့ကတော့ ငရဲသွားနေကြပါသေးသည်ဟု ပြောနေပါသည်။ ထိုသို့သာမှန်သည်ဆိုလျှင် ခရစ်တော်၏အသွေးတော်သည် လူအချို့တို့အတွက် အလကားအချည်းနှီးမဲ့ သွန်းလောင်းခြင်းဖြစ်သည်ဟု နိဂုံးချုပ်ရပါတော့မည်။ သူတို့အတွက်တော့ ခရစ်တော်၏အသေခံခြင်းသည် ဘာမှသုံးစား၍မရပါဟု ပြောရတော့မည်။ ထိုအခါ သူ၏သေခြင်းသည် အပြစ်ကြွေးဆပ်ပေးခြင်းမဟုတ်တော့ပါ၊ အပြစ်ဖြေပေးခြင်းမဟုတ်တော့ပါ၊ အပြစ်အတွက် ကျေနပ်မှုလုပ်ပေးခြင်း မဟုတ်တော့ပါ၊ ထို့အတူ ကျွန်တော်တို့ကို ဘုရားသခင်ထံတော်သို့ ပြန်လည်ရန်ငြိမ်းမိဆွေပြန်ဖြစ်စေခြင်း မဟုတ်နိုင်တော့ပါ။

ခရစ်တော်က အားလုံးအတွက် သေပေးသည်၊ သို့သော် အချို့တို့မှာ ကယ်တင်ခြင်းမရ၊ အကယ်၍သာ ထိုသို့ခြားနားရခြင်းသည် သူတို့၏လွတ်လပ်စွာရွေးချယ်နိုင်ခွင့်ကြောင့် ဖြစ်သည်ဆိုခဲ့လျှင်၊ ကျွန်တော်တို့ကယ်တင်ခံရခြင်း၌တကယ်အရေးအကြီးဆုံးသောအရာမှာ ခရစ်တော်၏အသေခံခြင်း မဟုတ်တော့ပါ၊ ကျွန်တော်တို့၏ရွေးချယ်

မှုဖြစ်လာပါမည်။ ထိုသို့တွေးခြင်းကို ဘုရားသခင်တားမြစ်ပါစေသတည်း၊ ခရစ်တော်၏အသေခံပေးခြင်းကို ထိုသို့မကြည့်ရပါ၊ ကျွန်တော်တို့ကိုယ်ကိုလည်း ထိုသို့အထင်မကြီးရပါ။

ခရစ်တော်သည် သူရွေးကောက်သောသူတို့အတွက်သာအသေခံသည်၊ ခမည်းတော်က သူ့အားပေးသမျှအတွက်အသေခံသည်ဟု ဆိုခြင်းသည် ထိုရွေးကောက်ခြင်းခံရသူတို့၏ကယ်တင်ခြင်းအတွက် မိမိ၏အသေခံပေးခြင်း၊ ဝေဒနာခံစားပေးခြင်းများဖြင့် လိုအပ်သောအရာရှိသမျှကို ပြည့်စုံအောင်ပြုလုပ်ပေးသည်၊ ထို့ကြောင့် ဘာမှမလိုအပ်တော့ပါဟု ပြောနေခြင်းဖြစ်ပါသည်။ ထိုအခါ သူ၏အသေခံပေးခြင်းသည် တကယ့်အပြစ်ဖြေပေးခြင်း၊ ရန်ငြိမ်းစေခြင်း၊ အပြစ်အတွက်ပြည့်ဝစွာဆပ်ပေးခြင်း၊ ကယ်လွှတ်ခြင်း၊ ကျေနပ်မှုကိုပြုပေးခြင်း ဖြစ်လာပါသည်။ သူသည် သူကိုယ်စားအသေခံပေးသူတို့အား တကယ့်ကိုကယ်တင်ပါသည်၊ အပြည့်အဝ ကယ်တင်ခြင်းဖြစ်သည်။

အကန့်အသတ်နှင့်ဖြစ်သောအပြစ်ဖြေခြင်းဩဝါဒက ခရစ်တော်သည် ကယ်တင်ခြင်းကို ရနိုင်စရာအဆင့်လောက်သာလုပ်ပေးသည်မဟုတ်ပါဟု ပြောနေပါသည်။ သူသည် ဘုရင်ဖြစ်သည်၊ ကယ်တင်ရှင်ဖြစ်သည်။ ထို့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## ငါ့အိမ်တော်တစ္စုလုံးပြည့်လျှံသွားစေရန် (That My House May Be Filled)

(၁၆)–ကိုယ်တော်က၊"လူတဦးသည် ညစာစားပွဲကြီးကိုစီရင်၍ လူများတို့ကိုခေါ်ဖိတ်လေ၏။ (၁၇)–ပွဲခံချိန်ရောက်သောအခါ၊ ခေါ်ဖိတ်သောသူတို့ကို၊"လာကြပါ။ အလုံးစုံတို့သည်အသင့်ရှိပြီ" ဟုမှာ၍အစေအပါးကိုစေလွှတ် ၏။ (၁၈)–ဖိတ်ခေါ်ခြင်းခံရသူအပေါင်းတို့သည် တညီတညွတ်တည်းပရိယာယ်ပြုကြ၏။ တယောက်က၊ "အကျွန်ုပ် သည်မြေရာကိုဝယ်ပါပြီ၊ သွား၍ကြည့်ရပါမည်။ အကျွန်ုပ်ကိုလွှတ်ပါဦးလော့"ဟုတောင်းပန်လေ၏။ (၁၉)–တယောက် က"အကျွန်ုပ်သည်နွားငါးယှဉ်းကိုဝယ်ပါပြီ၊ သွား၍စမ်းရပါမည်။ အကျွန်ုပ်ကိုလွှတ်ပါဦးလော့"ဟုတောင်းပန်လေ၏။ (၂၀)–တယောက်က၊ "အကျွန်ုပ်သည်မယားနှင့်လက်ထပ်ပါပြီ။ ထို့ကြောင့်အကျွန်ုပ်မလာနိုင်ပါ"ဟုဆို၏။ (၂၁)–အစေအပါးသည်သခင့်ထံသို့ပြန်လာ၍ ထိုအကြောင်းများကိုလျှောက်လေ၏။ ထိုအခါအိမ်ရှင်သည်အမျက်ထွက်၍၊"မြို့လမ်းမလမ်းကြားသို့အသော့သွားချေ။ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ၊ မျက်စိကန်းသောသူများကိုခေါ်သွင်းချေ"ဟု အစေအပါးကိုဆို၏။(၂၂)–အစေအပါးကလည်း၊ "သခင်စီရင်တော်မူသည်အတိုင်းပြုပါပြီ။ သို့သော်လည်း လစ်လပ်သောနေရာထိုင်ရာရှိပါသေးသည်"ဟုလျှောက်လေသော်၊ (၂၃)–သခင်က–"မြို့ပြင်၊လမ်းမခြံနားသို့သွားဦးလော့။ ငါ့အိမ်ကိုပြည့်စေခြင်းငှာအနိုင်အထက်ခေါ်သွင်းလော့။ (၂၄)–အထက်က ခေါ်ဖိတ်သောသူ တယောက်မျှငါ့ညစာစားပွဲသို့မဝင်ရ၊ ငါအမိန့်ရှိပြီ"–ဟုအစေအပါးကိုဆိုသည်" ဟုမိန့်တော်မူ၏။(လုကာ ၁၄း၁၆–၂၄)

မိတ်ဆက်စကား

ဤနေရာတွင် ကျွန်တော်တို့အတွက်မှတ်တမ်းတင်ပေးထားသောပုံဥပမာသည် ဖါရိရှဲခေါင်းဆောင်တဦး၏အိမ်တွင်ပြုလုပ်သောညစာပွဲတော်၌ သခင်ယေရှုသွားရောက်စားသုံးနေစဉ်ပြောပြသောဥပမာများအနက်မှ ဒုတိယဥပမာဖြစ်၏။ ပြီးခဲ့သောဆောင်းပါးတွင်ကျွန်တော်တို့သတိပြုမိခဲ့ကြသည့်အတိုင်း သခင်ဘုရားအားဖိတ်ကြားခြင်းသည် သူပြောသည့်စကား၊ လုပ်သည့်အလုပ်တို့တွင် တခုခုအပြစ်တင်နိုင်စရာတွေ့လေမလား ဟူသောရည်ရွယ်ချက်ဖြင့် စောင့်ကြည့်အပြစ်ရှာချင်၍ဖြစ်၏။ သခင်ယေရှုက မောက်မာဝင့်ကြွားသောဖါရိရှဲများကိုပြစ်တင်ရှုံ့ချသော၊ နှိမ့်ချသောသူတို့ချီးမြှောက်ခြင်းခံရမည့်အကြောင်းဖြစ်သော၊ ပုံဥပမာကိုပြောပြပြီးခါစပင်ဖြစ်၏(လုကာ၁၄း၇–၁၁)။

ယခုအခါတွင် သခင်ယေရှုကသူ၏သွန်သင်ခြင်းကိုဆက်၍သွားနေခြင်းဖြစ်၏။ သူနှင့်အတူစားသောက်နေကြသောဧည့်သည်တော်များကို သူတို့၏ဧည့်ဝတ်ကျေပြွန်ခြင်းကိုပြဖို့အတွက် အိမ်နီးချင်းလူချမ်းသာများ၊ ရင်းနှီးသောမိတ်ဆွေများ၊ ညီအကိုအရင်းအချာများကို ဖိတ်ကြားခြင်းမပြုသင့်ကြောင်း၊ ထိုသို့ပြုမည့်အစား ဆင်းရဲသူများ၊ကိုယ်အင်္ဂါချို့တဲ့သူများ၊ မသန်မစွမ်း၊မျက်မမြင်များကိုပို၍ဖိတ်ကြားသင့်ကြောင်း သွန်သင်ပေးနေ၏။ ဤဆုံးမခြင်းထဲတွင် လဲကောင်းကင်နိုင်ငံတော်၏လူမှုဆက်ဆံရေးကျင့်ဝတ်တခုပါဝင်နေ၏။ ဖါရိရှဲတို့က ရင်းနှီးသူများ၊ လူချမ်းသာများကိုသာဖိတ်ကြားတတ်ကြခြင်းမှာ သူတို့၏အတ္တကြီးခြင်းသက်သက်ကြောင့်ဖြစ်၏။ သူတို့သည် အတုံ့အလှယ်အားဖြင့် သူတို့ကိုပြန်လည်ဖိတ်ကြားနိုင်မည့်သူများကိုသာဖိတ်ကြားကြ၏။ ထိုသို့ပြန်လည်ဖိတ်ကြားခံရခြင်းသည် သူတို့လိုချင်သောဆုလာဘ်ပင်ဖြစ်၏။ သို့သော် အကယ်၍သာ လူဆင်းရဲများ၊ခြေလက်မသန်မစွမ်းသူများ၊မျက်မမြင်များကိုဖိတ်ကြားခဲ့ပါလျှင်၊ သူတို့အားပြန်လည်ဖိတ်ကြားခြင်းခံရဖို့လမ်းရှိတော့မည်မဟုတ်။ ထို့ကြောင့်ဤကဲ့သို့သောဖိတ်ကြား

ခြင်းသည် ချစ်ခြင်းမေတ္တာနှင့်သနားခြင်းဂရုဏာတို့၏လှုံ့ဆော်မှုမှ ပေါ်ထွက်လာခြင်းပင်ဖြစ်၏။ သူတို့ကိုပြန်၍ကျေးဇူးဆပ်နိုင်ကြမည်မဟုတ်။ သို့သော်လည်း သူတို့အားအတုံ့အလှည့်သဘောဖြင့်ဖိတ်ကြားခြင်းနည်းလမ်းအားဖြင့်ဆုချခြင်းမခံကြရသည့်တိုင်၊ ဖြောင့်မတ်သောသူတို့ရှင်ပြန်ထမြောက်ချိန်တွင် သူတို့၏ဆုလာဘ်ကိုရရှိကြလိမ့်မည်ဖြစ်၏။

ဤအရာသည် ကောင်းကင်နိုင်ငံတော်၏လူမှုကျင့်ဝတ်တခုပင်ဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့သောပေးကမ်းခြင်းအားဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် သနားခြင်းဂရုဏာကိုရောင်ပြန်ထင်ဟပ်ပြနိုင်ကြမည်ဖြစ်၏။ဘုရားသခင်သည် သူ၏ကောင်းကင်စားသောက်ပွဲတော်ကြီးတွင်ပါဝင်ဖို့အတွက် သူတို့ဟာသူတို့ကြိုးစားအားထုတ်၍နေရာရသူများ၊ ထိုပွဲတော်သို့တရားဝင်တက်ရောက်နိုင်ခွင့်ရှိသူများ–ကို ဘယ်တော့မှမခေါ်ဖိတ်ပါ။ ထို့အတူ ပြန်လည်ကျေးဇူးဆပ်ခြင်းခံရဖို့ရည်ရွယ်ချက်ဖြင့်လည်း မခေါ်ဖိတ်ပါ။ ဘုရားသခင်က (သူ၏ပြန်လည်ကျေးဇူးဆပ်ခံရဖို့မမျှော်လင့်သော)သနားခြင်းဂရုဏာနှင့်ကျေးဇူးတော်တို့ကိုထာဝရပြသခြင်းအပြစ် မထိုက်မတန်သူများကိုသာခေါ်ဖိတ်နေခြင်းဖြစ်၏။

ဤအချက်သည် ယခုရှေ့ဆက်လေ့လာကြမည့်ပုံဥပမာ၏အဓိကအချက်လဲဖြစ်၏။

ဤပုံဥပမာ၏လက်ငင်းအကြောင်းအရင်းမှာ ဧည့်သည်တော်တဦးက–"ဘုရားသခင်၏နိုင်ငံတော်တွင် စားသောက်ပွဲဝင်ခွင့်ရသူသည် ကောင်းချီးခံရသောသူဖြစ်ပါ၏"–ဟု မှတ်ချက်ချလိုက်ခြင်းကြောင့်ဖြစ်၏။

ဤဧည့်သည်က ဘာကိုရည်ရွယ်၍ပြောကြောင်းကိုတော့ဆုံးဖြတ်ဖို့ခက်ခဲပါ၏။ တချို့က ထိုသူသည်ကောင်းကင်နိုင်ငံတော်ကို လောကီအမြင်ရှုထောင့်မှကြည့်ပြီး၊ သူ့ကိုယ်သူရည်ညွှန်း၍ဝါကြွားလိုစိတ်ဖြင့် မှတ်ချက်ချလိုက်ခြင်းဖြစ်သည်ဟုထင်မြင်ကြ၏။ အခြားသူများက ထိုသူသည် သခင်ယေရှု၏မိန့်ကြားချက်၏အမှန်တရားကသူ့ကိုယာယီဖုံးလွှမ်းသွားခြင်းခံစားလိုက်ရသောကြောင့်၊ ရိုးစင်းသောအမှန်တရားတခုကိုထုတ်ပြောလိုက်ခြင်းဖြစ်ပြီး၊ သူ့ကိုယ်သူရည်ညွှန်းသောသဘောမဟုတ်ကြောင်း ခံယူကြ၏။

ထိုဧည့်သည်၏ရည်ရွယ်ချက်မည်သို့ပင်ဖြစ်ပါစေ၊ သခင်ယေရှုကထိုမှတ်ချက်ကိုသုံး၍ ကောင်းကင်နိုင်ငံမှစားပွဲတော်ကြီးတွင်ဧည့်သည်တော်အဖြစ်ပါဝင်ခွင့်ရမည့်သူများအကြောင်းကို သွန်သင်ပေးလိုက်တော့၏။ သခင်ယေရှုက မာနထောင်လွှားသောဖါရိရှဲများသည် ကောင်းကင်စားပွဲတော်ကြီးမှဖယ်ထုတ်ခံရမည်၊ အကြောင်းမူကား သူတို့သည် သူတို့ကြိုးစားမှုကြောင့်ပါဝင်ခွင့်ရခြင်းဖြစ်သည်ဟု ထင်နေကြ၍ဖြစ်သည်–ဟုသင်ကြားပေးလိုက်သည်။ ဆင်းရဲသူနှင့်မျက်ကန်းသူ၊ မထင်ရှားသူနှင့်အထင်သေးခံရသူ၊ တို့သည်သာနေရာပေးခြင်းခံကြရမည်၊ အကြောင်းမူကား ဤအမှုအရာသည် ဘုရားသခင်၏မေတ္တာ၊ဂရုဏာတော်ထဲမှပေးအပ်လိုက်ခြင်းဖြစ်သော၊ အဖိုးအခမယူပြန်ဆပ်ခံရဖို့လဲမမျှော်လင့်သော၊ သူ၏ကျေးဇူးတော်ကို ဘုန်းထင်ရှားစွာပေါ်ပြလိုက်ခြင်းဖြစ်သောကြောင့်ပင်တည်း။

ပုံဥပမာ၏ ဝိသေသလက္ခဏာများ

ဤပုံဥပမာ၏ဝိသေသလက္ခဏာများသည် အတော်လေးရှင်းလင်းကြ၍ ကျမ်းစာအနက်ဖွင့်သူအများစုကထိုအရာများကိုအနက်ဖွင့်ရာတွင် ယေဘုယျအားဖြင့်သဘောတူညီကြသည်။ "လူတဦး"သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ "ညစာစားပွဲကြီး"သည် ပြည့်စုံခြင်းသို့ရောက်သွားသောကောင်းကင်နိုင်ငံတော်၏ နောက်ဆုံးပွဲတော်ကြီးဖြစ်၏။ ဤအကြောင်းသည် ဆက်စပ်ကျမ်းပိုဒ်များအားဖြင့်သာမကဘဲ၊ နှုတ်ကပတ်တော်အခြားနေရာများတွင် ဘုန်းတန်ခိုးတော်အပြည့်ဝဆုံးအချိန်ကို ပွဲတော်ကြီးအဖြစ်သရုပ်ဖေါ်ပြထားသောကျမ်းပိုဒ်များအားဖြင့် မှန်ကန်ကြောင်းထင်ရှားသည်(မဿဲ ၂၂း၂၊ ဗျာဒိတ် ၁၉း၇–၉)။ သို့သော်လည်း၊ ဤသို့သရုပ်ဖေါ်ထားသောကြောင့်၊ ကောင်းကင်နိုင်ငံတော်သည် ကျွန်တော်တို့စားလိုက်သောက်လိုက်လုပ်ယုံမှတပါး အခြားလုပ်စရာမရှိသောနေရာအဖြစ် သမ္မာကျမ်းစာကသွန်သင်ပေးထားသည်ဟု မတွေးထင်ရပါ။ ဆိုလိုသည်မှာကောင်းကင်နိုင်ငံတော် တည်ထောင်ခြင်း၏အဆုံးသတ်ပြည့်စုံခြင်းသည်ပွဲတော်ကြီးဆိုသောအသုံးအနှုန်းဖြင့်သရုပ်ဖေါ်၍ရသည်၊ အဘယ့်ကြောင့်ဆိုသော် ဤအရာသည် ဘုရားသခင်က (သခင်ခရစ်တော်မှတဆင့်) သူ့လူများနှင့်ပြုလုပ်ထားသောပဋိညာဉ်တရားလုံးဝပြည့်စုံခြင်းရောက်သွားပြီဟုဖေါ်ပြသောအရာဖြစ်သောကြောင့်ပေတည်း။

စားသောက်ပွဲတော်ကျင်းပရာစားပွဲကြီးသည် ဤပဋိညာဉ်မိဿဟာယဖွဲ့ခြင်းကိုပုံဆောင်ဖေါ်ပြခြင်းဖြစ်သည် ၊ အဘယ့်ကြောင့်ဆိုသော် အနီးကပ်ရင်းနှီးစွာမိဿဟာယရှိသောသူတိုင်း အတူတကွစားကြသောက်ကြသောကြောင့်ဖြစ်သည်။ မိသားစုတစုအတွက်လည်း "စားပွဲ၌ထိုင်ကြခြင်း"သည် အချင်းချင်းစကားစမြည်ပြောရင်း၊ အနီးကပ်မိဿဟာယပြုကြချိန်ဖြစ်၏။ ထိုအချိန်တွင် မိသားစုဝင်တယောက်စီတိုင်းကိုယ်ပိုင်နေရာရကြသည်။ ထိုနေရာတွင်မိသားစုပြဿနာများကို ဆွေးနွေးကြသည်။ ထိုနေရာတွင် မိခင်၊ဖခင်နှင့် သူတို့သားသမီးကလေးများ ဆုတောင်းခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်အားချစ်မြတ်နိုးခြင်း၊ တို့ကိုအတူတကွလုပ်ဆောင်ကြသည်။ ထိုနေရာတွင် ရင်းနှီးစွာ မိဿ

ဟာယပြုခြင်း၊ ရယ်စရာဟာသများပြော၍ပျော်ရွှင်စွာပေါင်းဖော်ခြင်း၊စိတ်ထဲမှဝန်ထုပ်ဝန်ပိုးများနှင့်ဘဝဒုက္ခများကို ဝေငှခြင်း–တို့ပြုလုပ်စမြဲဖြစ်၏။ သခင်ခရစ်တော်နှင့်အတူ ဘုရားသခင်၏မိသားစုဖြစ်ရခြင်းတွင်လည်းဤကဲ့သို့ပင်ဖြစ်၏။

ဤနေရာတွင် မိသားစုချစ်မြတ်နိုးခြင်းအကြောင်း မှတ်ချက်အနည်းငယ်ချမှတ်လျှင် ဦးတည်ချက်လွဲမသွားနိုင်ဟုထင်မိ၏။ ပဋိညာဉ်မိသားစုတစု၏ထမင်းစားချိန်တွင် အတူတကွစားခြင်း၊သောက်ခြင်းအမှုသည် ပို၍ကြီးမြတ်သော (သခင်ခရစ်တော်နှင့်သူ၏အသင်းတော်အကြားမှ)ပဋိညာဉ်တရားကို သရုပ်ဖော်ပြသနေခြင်းပင်ဖြစ်၏။

ယနေ့ခေတ်တွင် မိသားစုချစ်မြတ်နိုးခြင်းဆိုသည်မှာ အတိတ်ကာလကကိစ္စတခုအဖြစ်သို့ရောက်လုနီးနီးဖြစ်နေ၏။ ကျွန်တော်တို့၏အလုပ်များသောဘဝများမှာ တချို့အတွက်မိသားစုချစ်မြတ်နိုးခြင်းပြုဖို့အချိန်မရှိဖြစ်နေရ၏။ ဖခင်ဖြစ်သူက မိသားစုနှင့်အတူမနက်စာစားချိန်မရလောက်အောင် အစောကြီးအလုပ်သွားရ၏။ သားသမီးများကလဲ နောက်ဆုံးအချိန်မရောက်မချင်းအိပ်ယာထဲတွင်သာနေလိုကြ၏။ မိခင်ဖြစ်သူကလဲဖခင်လိုဘဲအလုပ်လုပ်ရ၏။ သားသမီးများကလဲ ဟိုကိစ္စဒီကိစ္စတွေဖြင့် ဟိုသွားလိုက်ဒီသွားလိုက်လုပ်နေကြ၏။ ထို့ကြောင့် ထမင်းစားချိန်သည်သူတို့လမ်းကိုဝင်ရှုပ်နေ၏။ ထို့ကြောင့် ချစ်မြတ်နိုးခြင်းပြုဖို့အရေး လုံးဝမဖြစ်နိုင်သလောက်ရှိနေသလို၊ မိသားစုမိဿဟာယပြုခြင်းသည် စူးရှစွာဖြတ်တောက်ပစ်ခြင်းခံနေရသော်လည်း၊ လူတိုင်းကိုယ်စီအလုပ်ရှုပ်နေကြချိန်တွင် ကိုယ့်ဖါသာစားသောက်ပစ်လိုက်ခြင်းသည်ပို၍အဆင်ပြေနေတော့၏။ ဤသို့ဖြစ်ခြင်းကို 'ဆိုးဝါးစွာဆုံးရှုံးရခြင်း'ဟူ၍သာခေါ်ရမည်ဖြစ်၏။ ရလဒ်ကတော့ ပဋိညာဉ်အိမ်ထောင်စုများ'သေလုမျောပါးအားလျော့လာခြင်း'ပင်ဖြစ်၏။

သို့သော် ယခုကျွန်တော်တို့၏ပုံဥပမာသို့ပြန်သွားရပါမည်။

ပုံဥပမာထဲမှ"လူတယောက်"က"လူအများအပြားကိုဖိတ်ကြားခြင်း"သည်(ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏ဖိတ်ခေါ်ခြင်း)ဟုလူသိများသောဖိတ်ခေါ်ခြင်းအမှုပြုလိုက်သည်ဟု အစိပ္ပါယ်မကောက်ရပါ။ ဤပုံဥပမာနှင့်အလားတူသော (မဿဲ ၂၂း၁–၁၀)မှပုံဥပမာထဲတွင် ညစာစားပွဲဖိတ်ခေါ်ချက်ကို ဘုရင်တပါးကထုတ်ပြန်လိုက်ခြင်း ဖြစ်ကြောင်းတွေ့ရသည်။ ဘုရင်တပါးသည် ဖိတ်ခေါ်ချက်တခုကိုထုတ်ပြန်ကြေညာလိုက်ပြီး အဖိတ်ခံရသူများကသူတို့ လာသင့် မလာသင့်ကို သူတို့စိတ်သဘောကျလွတ်လပ်စွာဆုံးဖြတ်ကြပါစေ ဟုဘယ်တော့မှသဘောမထားပါ။ ဘုရင်၏အမိန့်သည် တော်ဝင်အမိန့်ဖြစ်သည်။ ဘုရားသခင်သည်လည်း ထို့အတူပင်ဖြစ်သည်။

ဤနေရာတွင်ကျွန်တော်တို့သတိမထားလျှင် ဆိုးညစ်သော'အာမေးနီးယန်း'အယူကို ပုံဥပမာထဲသို့သွတ်သွင်းမိနိုင်သည်။ ဘုရားသခင်သည် သူ၏စားသောက်ပွဲတော်သို့ လူသားအားလုံးလာရောက်ပါဝင်ကြဖို့မျှော်လင့်ခြင်းကြီးစွာဖြင့်စောင့်စားနေခြင်းမရှိပါ။ ဘုရားသခင်သည် (သူ၏ဖိတ်ခေါ်ချက်ကိုလက်ခံမလား/ငြင်းပယ်မလား ဆိုသည်ကို လူသား၏"လွတ်လပ်သောဆန္ဒ"ကိုသုံး၍ရွေးချယ်နိုင်သည့်) သာမန်ဖိတ်ခေါ်မှုမျိုးကိုထုတ်ပြန်လိုက်ခြင်းမဟုတ် ပါ။ ဤသို့အစိပ္ပါယ်ကောက်ခြင်းကို ဤပုံဥပမာနှင့် အခြားသောအလားတူကျမ်းပိုဒ်များကိုအနက်ဖွင့်ရာတွင်မကြာခဏသုံးတတ်ကြသော်လည်း၊ သခင်ယေရှုကဤသို့သွန်သင်ပေးနေခြင်းမဟုတ်ပါ။

ဘုရားသခင်၏ဖိတ်ခေါ်ခြင်းသည် တော်ဝင်အမိန့်အာဏာအားဖြင့်ဖြစ်သည်။ ဘုရားသခင်က လူသားတို့ကို နောင်တရဖို့အမိန့်ပေးသည်။ ထို့အတူ ဤသို့အမိန့်ပေးခြင်းသည် လူသားအားလုံးကယ်တင်ခြင်းခံစားစေချင်သော(သူ ၏အချုပ်အချာအာဏာပိုင်သော)အလိုဆန္ဒကြောင့်မဟုတ်ဘဲ၊ လူသားသည် ကောင်းကင်နှင့်မြေကြီး၏အရှင်အသက် ရှင်သောဘုရားသခင်ရှေ့မှောက်တွင် နောင်တရဖို့တာဝန်ရှိနေသောကြောင့် ဤသို့အမိန့်ပေးခြင်းဖြစ်၏။ လူသည်ဘု ရားသခင်အားချစ်မြတ်နိုးရမည်။ ဤအချက်သည် ဧဒင်ဥယျာဉ်တွင်မှန်ကန်ခဲ့သည်၊ ထို့အတူ လူသားကျဆုံးသွားပြီး နောက်တွင်ထိုသို့ချစ်နိုင်စွမ်းမရှိတော့ခြင်းက ဘုရားသခင်၏ရပိုင်ခွင့်ဖြစ်သော (အသက်ရှင်တော်မူသောဘုရားသခင်အား ချစ်မြတ်နိုးရမည်) ဟူသည့်တောင်းဆိုချက်ကို ပျက်ပြယ်မသွားစေနိုင်ပါ။ ဘုရားသခင်ကသူ့ကိုလူသားကချစ်မြတ်နိုးရန်တောင်းဆိုနေမြဲဖြစ်၏။ ထို့အတူ အကယ်၍လူသားကျဆုံးချိန်ကထဲက နောင်တရရန်နှင့် ဘုရားသခင်အား ယုံကြည်ရန်–လိုအပ်သည်ဟု လူသားအားတောင်းဆိုနေခြင်းဖြစ်ပါလျှင်၊ ဤတောင်းဆိုချက်သည် သူကိုယ်တိုင်အချုပ် အချာအာဏာပိုင်စွာကြေငြာထားချက် (လူသား၏သစ္စာစောင့်သိရှိသေခြင်းသည် ဘုရားသခင်ပိုင်သောအရာဖြစ် သည်)ကို သူကိုယ်သူမငြင်းပယ်နိုင်ပါ ဟူသောအမှန်တရားတွင်အခြေပြုထားသော ဘုရားသခင်၏တော်ဝင်အမိန့် တော်အဖြစ် ဆက်၍တည်မြဲနေပါ၏။

'လာရမည်'ဟူသောအမိန့်တော်

အိမ်ရှင်၏ ညစာပွဲတော်သို့လာရောက်ဖို့တောင်းဆိုချက်သည် မသိကျိုးကျွံပြုခြင်းခံလိုက်ရ၏။ ဤအချက်သည် တနည်းမဟုတ်တနည်းဖြင့် ခမ္ဘာဟောင်းကာလတလျှောက်လုံးအတွက်မှန်ကန်နေခဲ့ပါသော်လည်း၊ ဤပုံဥပမာထဲတွင် သခင်ယေရှုကဂျူးခေါင်းဆောင်များဖြစ်ကြသော (ဖါရိရှဲများ၊ကျမ်းတတ်ဆရာများ၊ဇဒ္ဒုကဲများ၊ယဇ်ပုရောဟိတ်

အကြီးများ) ကိုသာအဓိကရည်ရွယ်ပြောဆိုနေခြင်းဖြစ်ကြောင်း ကျွန်တော်တို့နားလည် ထားကြရမည်။ ဤပုဂ္ဂိုလ်များသည် သူတို့ကိုယ်သူတို့သာမန်လူများထက်ထူးကဲစွာ ဘုရားသခင်၏နိုင်ငံတော်၏ညစာပွဲတော်ကြီးကိုတက်ရောက်ပိုင်ခွင့်ရှိသည်ဟု ထင်မြင်နေကြသူများဖြစ်သည်။ သူတို့သည် သာမန်လူသားများကိုမုန်းလဲမုန်း၊အထင်လဲသေးကြကာ၊ သူတို့ကိုယ်ကိုယ်ဖြောင့်မတ်စေကြလျက်၊ အခြားသူအားလုံးသည် တန်ဖိုးမဲ့သူများ၊ ကောင်းကင်ဘုံတွင်ဘယ်တော့မှ နေရာမရနိုင်သူများအဖြစ်တထစ်ချယုံကြည်ထားကြ၏။ သူတို့က ထိုသူများကိုအထင်အမြင်သေးစွာဖြင့် ‘ပညတ်တရား နားမလည်သောသူများ၊ ကျိန်ခြင်းခံရသောသူများ’ အဖြစ်ရည်ညွှန်းပြောဆိုလေ့ရှိ၏(ယော ၇း၄၉)။ သို့သော် ဘုရားသခင်၏ သူ့ထံသို့လာဖို့ခေါ်လိုက်သောအမိန့်တော်သည် သခင်ခရစ်တော်၏သာသနာတော်အားဖြင့် သူတို့ထံသို့ရောက်လာသောအခါတွင် သူတို့ကငြင်းပယ်လိုက်ကြသည်။ သူတို့ထံတွင် ထိုသို့ငြင်းပယ်ဖို့ရေပက်မဝင်အောင်များပြားသော အကြောင်းပြချက်များရှိနေကြသည်။

ဧည့်သည်တော်များ၏ဆင်ခြေပြချက်များကိုကြည့်လိုက်လျှင် တရားမဝင်ကြောင်းတွေ့နိုင်သည်။ ထိုသို့သောမခိုင်လုံသည့်အကြောင်းပြချက်များက သူတို့၏နှလုံးသားများထဲတွင်လုံးဝလာချင်စိတ်မရှိကြောင်းပြသနေသည်။ သူတို့သည် ဘုရားသခင်၏နိုင်ငံတော်ထဲတွင်နေရာတခုရရှိထားကြောင်း သက်သေခံတတ်ကြသော်လည်း၊ သူတို့၏ဆင်ခြေများအားဖြင့် တကယ်တမ်းတွင်ထိုနိုင်ငံတော်ကို မုန်းတီးနေကြကြောင်းပြသနေကြသည်။ သူတို့ငြင်းဆန်ရခြင်း၏အကြောင်းပြချက်များသည် သူတို့၏အပြစ်များကိုမှန်ကြောင်းသက်သေပြဖို့မလုံ့မလဲကြိုးစားကြခြင်းသာဖြစ်သည်။ သူတို့ပေးသမျှဆင်ခြေများသည် ယုတ္တိမတန်ဘဲဖြစ်နေသည်။ အကယ်၍သာ သူတို့ကိုအုပ်စိုးနေသောလောကီဘုရင်က အမိန့်ပေးလိုက်ခြင်းသာဖြစ်လျှင်၊ ထိုသူများကိုဘယ်အရာကမှမလာဖို့တားဆီးနိုင်မည်မဟုတ်ပါ။ သို့သော် ဘုရားသခင်က အမိန့်ပေးလိုက်သောအခါတွင်တော့ ဆင်ခြေဆင်လက်တွေတောင်ပုံရာပုံထုတ်ဖေါ်လာကြသည်။

သခင်ခရစ်တော်၏သာသနာတော်တခုလုံးက ဤအချက်ကိုသက်သေပြနေသည်။ ဖါရိရှဲများသည် ကိုယ့်ဟာကိုယ်ဖြောင့်မတ်စေသူများ၊ အရေချုံကြောင်သူတော်များဖြစ်ကြသည်။ ကောင်းကင်နိုင်ငံ၏စားပွဲတော်ကြီးမှ အထူးနေရာကိုသူတို့အပိုင်စီးကြသည်၊ ဘုရားသခင်က သူတို့ကိုထိုနေရာမျိုးပေးဖို့အကြွေးတင်နေသည် ဟုခံယူကြသည်။ ဘုရားသခင်ထံ၌သူတို့ကိုထိုပွဲတော်ထဲတွင်နေရာပေးဖို့မှတပါး အခြားရွေးချယ်စရာမရှိတော့၊ အဘယ့်ကြောင့်ဆိုသော် သူတို့ဘဝတလျှောက်တွင် ဘုရားသခင်အတွက်ကျေးဇူးများစွာပြုပေးခဲ့ကြပြီးသောကြောင့်ဖြစ်သည်။ သို့သော်သခင်ခရစ်တော်ကြွရောက်လာသောအခါတွင်၊ သူ၏သာသနာလုပ်ငန်းအားဖြင့်ပို၍ပို၍ထင်ရှားလာသည်မှာ ကောင်းကင်နိုင်ငံတော်သို့ဝင်ရောက်နိုင်ဖို့အတွက် သူတို့ကိုယ်ပိုင်ကောင်းမှုများကို စွန့်လွှတ်မှုဖြစ်မည်ဆိုသောအချက်ကြီးဖြစ်သည်။ နိုင်ငံတော်ထဲသို့ရောက်နိုင်ဖို့အတွက်၊ သူတို့တွေသခင်ခရစ်တော်ထံမှသာဝင်ရောက်နိုင်သည်။ ဤလမ်းသည် ပြေငြိမ်းကျေအေးစေသောအသွေးတော်ကို နှိမ့်ချစွာယုံကြည်ခြင်းလမ်းကြောင်းဖြစ်သည်။ သို့သော် ဤသို့သောလမ်းကို သူတို့ဘယ်တော့မှလိုက်လျှောက်ကြလိမ့်မည်မဟုတ်ပါ။ ဤလမ်းကြောင်းကိုလိုက်လျှောက်ဖို့အတွက်ဆိုလျှင် သူတို့အနေနှင့်သူတို့ကိုယ်ပိုင်ကောင်းမှုကုသိုလ်အားလုံးကိုစွန့်လွှတ်ပစ်ရလိမ့်မည်ဖြစ်၏။ သူတို့ကိုယ်သူတို့အပြစ်သားများဖြစ်ကြောင်းဝန်ခံကြရလိမ့်မည်ဖြစ်၏။ ထိုသို့လုပ်ဖို့ရန်ငြင်းဆန်ကြခြင်းဖြင့်နိုင်ငံတော် အပေါ်ထားရှိသော သူတို့၏အမုန်းတရားအစစ်အမှန်ကိုထင်ရှားစေလျက်ရှိကြ၏။

သခင်ခရစ်တော်သည် ကြိုတင်ပရောဖက်ပြုချက်များကိုပြည့်စုံစေဖို့ရာ“ဗက်လင်”မြို့၌ဖွားမြင်ခြင်းခံခဲ့ စဉ်ကလဲ၊ ဂျူးခေါင်းဆောင်များသည် သူငယ်တော်အားဖူးမြော်ရန်သွားကြသည့်ပညာရှိများနောက်သို့လိုက်ဖို့ငြင်းဆန်ခဲ့ကြသည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရင်တပါးသည် ဂျေရုဆလင်မြို့တွင်သာဖွားမြင်ခြင်းခံသင့်သည်ဟု သူတို့ထင်မြင်နေခဲ့သောကြောင့်ဖြစ်သည်။ သခင်ခရစ်တော်သည် ကြိုတင်ပရောဖက်ပြုချက်များကိုပြည့်စုံစေဖို့ရာ‘နာဇရက်’မြို့သို့ပြောင်းရွှေ့နေထိုင်သောအခါတွင်လဲ၊ ဂျူးတို့က“နာဇရက်မြို့မှကောင်းသောအရာတစုံတခုထွက်ရှိဖူးသလော”ဟုပြောခဲ့ကြပြန်သည်။ သခင်ခရစ်တော်ကသူ့ဇာတိမြို့တွင်တရားဒေသနာဟောပြောဖို့ရောက်လာသောအခါ၊(ဟေရှာယအနာဂတ္တိကျမ်း (၆၁း၁–၃)ထဲတွင်ပါသည့်အတိုင်းဘိသိက်ပေးခံရသူသည် သူပင်ဖြစ်သည်ဟုညွှန်ပြလိုက်သောအခါ) တွင်သူ၏စကားကိုနားမထောင်ချင်ကြသောစိတ်ထားကိုဖုံးကွယ်ဖို့ရန်အတွက်၊(သခင်ဘုရား၏
မိဘများကိုသူတို့သိကြသည်ဟူ၍သော်၎င်း၊ ထေ့ငေါ့လှောင်ပြောင်၍“ဆေးဆရာကြီး၊ကိုယ့်ဟာကိုယ်ဆေးကုပါ”ဟူ၍၎င်း) အချင်းချင်း ပြောဆိုခဲ့ ကြသည်။(လုကာ ၄း၂၃)

ဤဂျူးခေါင်းဆောင်များသည် သူတို့၏အပြစ်များထဲမှနေ၍ နိုင်ငံတော်နှင့်ထိပ်တိုက်ဆန့်ကျင်သူအဖြစ် အမြဲနေရာယူထားကြသည်။ သခင်ယေရှုကဤအချက်ကို(မဿဲ ၁၁း၁၆–၁၉)တွင်–ဗတ္တိဇံယောဟန်သည် မစားမသောက်ဘဲလာသောအခါ သင်တို့က သူသည်နတ်ဆိုးစွဲနေသည်ဟုပြောကြသည်။ လူသားတော်သည် စားလျက်သောက်လျက်လာသောအခါတွင်–“ကြည့်ပါ၊ အစားကြူးအသောက်ကြူးသောသူ၊ အခွန်ခံများနှင့်အပြစ်သားများကိုပေါင်းသင်း

သူပါတကား”–ဟုမြည်တွန်လျက်အထွန့်တက်ချင်ကြသည်–ဟု ညွှန်ပြခဲ့သည်။ ထို့အတူ သခင်ယေရှုကထိုသူများကို ဈေးအတွင်းတွင်ထိုင်နေကြသော ကလေးများကသူတို့သူငယ်ချင်းများကို–“ငါတို့သာယာစွာတီးမှုတ်ကြသော်လည်း သင်တို့မကကြ၊ ငါတို့ဝမ်းနည်းစွာမြည်တမ်းကြသော်လည်းသင်တို့မငိုကြ”ဟုပြောသည့်အတိုင်း ထပ်တူညီကြကြောင်း နှိုင်းယှဉ်ပြခဲ့သည်။ သခင်ယေရှုက သူ၏တန်ခိုးအာဏာကို နတ်ဆိုးများအားနှင်ထုတ်ခြင်းအားဖြင့်ပြသလိုက်သောအခါတွင်လဲ၊ သူတို့က သခင်ယေရှုသည် နတ်ဆိုးမင်း‘ဗေလ်ဇေဗုလ်’၏နာမကိုသုံး၍နှင်ထုတ်ခြင်းဖြစ်သည်ဟု စွပ်စွဲကြပြန်သည်။ သခင်ယေရှုက ပျောက်သောသူများကိုရှာဖို့ရန်ကြွလာသောအခါတွင်လဲ၊ ဂျူးခေါင်းဆောင်များက သူတို့၏မ ယုံချင်သောစိတ်ကိုဖုံးကွယ်ဖို့အတွက် (သခင်ယေရှုသည်သူကိုယ်သူပြောထားသလိုမဖြစ်နိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် သူသည်အပြစ်သားများ၊ ပြည့်တန်ဆာမများနှင့်အတူ နေထိုင်စားသောက်လျက်ရှိသောကြောင့်ဖြစ်သည်) ဟု ပြောကြပြန်သည်။ သခင်ဘုရားက ဖျားနာသူများကိုကုသပေးလျက် ကောင်းသောအမှုအမျိုးမျိုးကိုလုပ်ဆောင်နေချိန်တွင်၊ ထိုဆိုးညစ်သောခေါင်းဆောင်များလုပ်သောအရာမှာ သခင်ဘုရားသည် ဥပုသ်နေ့ကိုသော်၎င်း၊ မောရှေ၏ပညတ်များကိုသော်၎င်း၊ ချိုးဖေါက်နေသည်ဟု လက်ညှိုးထိုးကဲ့ရဲ့ကြခြင်းသာဖြစ်၏။ နောက်ဆုံးတွင် သူတို့ကသခင်ဘုရားအားလက်ဝါးကပ်တိုင်တွင်သံနှင့်ရိုက်ထားလိုက်ကြသောအခါတွင်သူတို့၏အထောက်အထားမရှိသောဆင်ခြေဆင်လက်များက –(သူသည် သူပုန်၊ သစ္စာဖေါက်၊ မိမာန်တော်ဖျက်ဆီးသူ၊ ဘုရားသခင်အားပြစ်မှားသူ၊ သူတပါးအားကယ်တင်သော်လည်း မိမိကိုယ်ကိုယ်မကယ်တင်နိုင်သူ) စသဖြင့်ဂျေရုဆလင်မြို့တခွင်လုံး အနှစ်မဲ့စွာမြည်ဟီးနေခဲ့သည်။ ထို့နောက် သခင်ယေရှုက သူသည်ခရစ်တော်ဖြစ်ကြောင်း ငြင်း၍မရသောအထောက်အထားအဖြစ်ဖြင့် သေခြင်းမှဘုန်းတန်ခိုးထင်ရှားစွာရှင်ပြန်ထမြောက်လာသောအခါတွင် သူတို့က– သချိုင်းအစောင့်များအိပ်ပျော်နေကြချိန်တွင် တပည့်တော်များကသူတို့သခင်၏ရုပ်အလောင်းကို ခိုးယူသွားကြသည်–ဟူသော မဖြစ်နိုင်သည့်ဆင်ခြေကိုပေးခဲ့ကြပြန်သည်။

သူတို့ထံတွင် စားသောက်ပွဲတော်သို့မလာရောက်ရခြင်းအတွက် အမြဲတမ်းပင်အကြောင်းပြချက်အမြောက်အမြားရှိနေကြ၏။ နိုင်ငံတော်သို့မဝင်ရောက်ရခြင်းအတွက် ဆင်ခြေပေးစရာအမြဲတမ်းရှိနေသည်။ သူတို့၏မုန်းတီးစိတ်နှင့်မယုံကြည်စိတ်တို့ကို မှန်ကန်ကြောင်းသက်သေပြဖို့ကြိုးစားရင်းနှင့်အမြဲတမ်းအလုပ်များနေတတ်ကြသည်။ထို့အတူ ထိုသို့လုပ်ကြရင်းနှင့် သခင်ခရစ်တော်လာရောက်ထူထောင်နေသည့် ကောင်းကင်နိုင်ငံတော်ကြီးကို နက်ရှိုင်းစွာမုန်းတီးသောသူတို့စိတ်ထားကိုထုတ်ပြနေကြပေ၏။

ဧည့်သည်တော်များကို စုသိမ်းခြင်း

သို့သော် စားသောက်ပွဲတခုဆိုသည်မှာ ပါဝင်ဆင်နွှဲသူဧည့်သည်ရှိကိုရှိရမည်။ ထို့အတူ ညစာပွဲကျင်းပသူ အိမ်ရှင်က ထိုသူများလာကြမည်မဟုတ်ကြောင်းကြားသိလိုက်သောအခါတွင် သူ၏ပြင်းထန်သောအမျက်ဒေါသထဲမှနေ၍ သူ့အစေခံကိုမြို့ထဲလမ်းမကြီးမှအစလမ်းကြိုလမ်းကြားအဆုံးသွားရောက်၍ ဆင်းရဲသား၊ခြေလက်မသန်မစွမ်း၊ မျက်မမြင်၊ ချိနဲ့သူ–အားလုံးကို ခေါ်လာခဲ့ဖို့စေလွှတ်လိုက်တော့၏။ အစေခံက သူတွေ့သမျှလူအားလုံးကိုခေါ်လာခဲ့ပြီးသော်လည်း ထိုင်ခုံများလွတ်နေသေးသည်။ ထို့ကြောင့် အစေခံအား မြို့ပြင်ဖက် အဝေးပြေးလမ်းမကြီးတလျှောက်နှင့် တောစပ်တလျှောက်တွင် လှည့်လည်သွားလာနေကြသော အိမ်မဲ့ယာမဲ့များ၊ ကလေကချေများကို ပွဲတော်နေရာမပြည့်မချင်း သွားခေါ်လာဖို့လွှတ်လိုက်ပြန်၏။

ပုံဥပမာထဲမှမြို့တော်သည် ကာနန်ဒေသတခွင်လုံးကိုရည်စူး၍ပြောခြင်းဖြစ်၏။ အစေခံသည်ဤမြို့တော်ထဲမှ ဆင်းရဲသူ၊ဖျားနာသူများကို ခေါ်လာခဲ့ဖို့အမိန့်ပေးခြင်းခံခဲ့ရ၏။ စားပွဲတော်ကြီးထဲသို့ခေါ်သွင်းခြင်းခံလိုက်ရသောသူတို့သည် မည်သို့သောသူများနည်း?

(ပထမဆုံးအချက်)– သူတို့သည်ဂျူးအသိုင်းအဝိုင်းထဲတွင်အထင်သေးရှုံ့ချခြင်းခံရသူများဖြစ်ကြသည်။ သူတို့သည် နိမ့်ပါးသူများ၊အခွန်ခံများ၊အပြစ်သားများ၊ပြည့်တန်ဆာမများဖြစ်ကြ၏။ သူတို့သည်သာမန်လူများဖြစ်ကြ၏။

(ဒုတိယအချက်)– သူတို့သည် မာနထောင်လွှားသောဖါရိရှဲများ၏ အထင်သေးရှုံ့ချခြင်းခံရသူများ ဖြစ်ကြသည်။ ဖါရိရှဲတို့၏အမြင်အရ သာမန်လူသားများသည် ပညတ်တရားကိုမသိကြသောကြောင့် နိုင်ငံတော်အတွင်းတနေရာရဖို့မထိုက်တန်သူများဖြစ်ကြသည်။ သူတို့သည် ပြစ်တင်ရှုံ့ချခြင်း၊လှောင်ပြောင်ခြင်းခံကြရသည်။ ဂျူးတို့၏အမွေအနှစ်များကိုသူများထက်အရင်ခံစားခံစားဖို့ထိုက်တန်သည်ဟု သူတို့ကိုယ်သူတို့ထင်နေကြသူဖါရိရှဲများ၏လျစ်လျူရှုခြင်းကိုခံရသူများဖြစ်ကြသည်။

(တတိယအချက်)–သူတို့သည်အပြစ်သားများ၊ ပျောက်ဆုံးနေသူများဖြစ်ကြသည်။ သူတို့ကို အပြစ်သားများ၊ ပျောက်ဆုံးနေသူများဟု ယခုပြောရာတွင်လူသားအားလုံးကိုခြုံငုံ၍ကြည့်မြင်သောရှုထောင့်မှပြောခြင်းမဟုတ်ပါ၊ အကြောင်းမှာ ဤသို့ကြည့်လျှင် ဖါရိရှဲများသည်လဲအတူတူပင်အပြစ်သားဖြစ်ကြ၍ဖြစ်သည်။ သို့သော် သူတို့သည်ဂျူး

ခေါင်းဆောင်များနှင့်ကွဲပြားခြားနားစွာဖြင့် သူတို့ကိုယ်သူတို့အပြစ်သားများဖြစ်ပါသည်ဟုဝန်ခံကြသူများ၊ ပျောက်ဆုံးနေကြောင်းသိသူများဖြစ်ကြသည်။ သူတို့သည် သခင်ယေရှု၏ခြေတော်ရင်းမှာတနေရာစာရလိမ့်မည်ဟု ဘယ်တုန်းကမှမတွေးခဲ့ဖူးသူများဖြစ်ကြသည်။ သူတို့သည် အသိပညာကင်းမဲ့သော၊စာမတတ်ပေမတတ် ဂါလိလဲနယ်မှတံငါသည်များဖြစ်ကြသည်။ သူတို့သည် နှိမ့်ချသော'မာရိနှင့်မာသ'(ညီအမနှစ်ဦး)ဖြစ်ကြသည်။ သူတို့သည် လူမှုရေးဖောက်ပြန်နေစဉ် လက်ပူးလက်ကျပ်အမိခံလိုက်ရသူများဖြစ်ကြသည်။ သူတို့သည် သာမန်လူသားများ(သခင်ယေရှု၏ခြေတော်ရင်းမှာငိုကြွေးလျက်၊ ခြေအစုံကိုသူတို့ဆံပင်နှင့်သုတ်သင်ပေးဖို့သာ) လုပ်တတ်ကြသူများဖြစ်သည်။ သူတို့သည် အခွန်ခံများ၊ပြည့်တန်ဆာမများဖြစ်ကြသည်။ သူတို့အပြစ်များကိုသူတို့သိထားကြပြီး၊ ဘုရားသခင်၏စားပွဲတော်ကြီးတွင် သူတို့အတွက်တနေရာစာရဖို့အခွင့်အရေးမရှိကြောင်း သိထားကြသည်။ နောက်ဆုံးအနေနှင့် သူတို့သည် စိတ်နှလုံးနှိမ့်ချသော၊နောင်တရသောသူများ၊ သူတို့ကိုယ်ပိုင်ဖြောင့်မတ်ခြင်းအတွက်မကြွားဝါတတ်သူများ၊ သို့သော် သခင်ယေရှုနှင့်ပေါင်းဖေါ်နိုင်ဖို့အတွက်သာတောင့်တနေသောသူများဖြစ်ကြသည်။ သူတို့သည်ကောင်းကင်နိုင်ငံတော်ကို စိတ်အားထက်သန်စွာရှာဖွေနေကြသူများဖြစ်ကြသည်။

သူတို့သည်သာ ခေါ်သွင်းခြင်းခံရသူများဖြစ်ကြသည်။ လှပသောဝတ်ရုံခြုံလွှမ်းလျက်၊ တကိုယ်လုံးဆီဖြင့်လူးလျက်ရှိကြသော ဖါရိရှဲများသည် အငြင်းပယ်ခံရသူများဖြစ်ကြသည်။ ဝတ်ရုံအစုတ်အပြတ်သာဝတ်ထားသော ဆင်းရဲသားများသည် ခေါ်သွင်းခံရကြသည်။ တရားဥပဒေဝါဒီများချန်လှပ်ထားခြင်းခံရကာ၊ အပြစ်သားများညစာပွဲတော်ထဲသို့ခေါ်သွင်းခံကြရသည်။ လမ်းဆုံလမ်းခွများတွင်ဆူတောင်းနေတတ်သူများ၊ ဆယ်ဖို့တဖို့ဆက်ကပ်ကြသူများအတွက်ညစာပွဲတော်တွင်နေရာမရှိ၊ ကိုယ့်ရင်ဘတ်ကိုကိုယ်ထုလျက် သူတို့ရှိသမျှအကြွေစေ့ကလေးများကိုပေးလှူကြသူများသည် ဂုဏ်ထူးဆောင်နေရာများကိုရရှိကြသည်။

အခြားနေရာမှ ဧည့်သည်တော်များ

အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း၊ ညစာပွဲတော်အရှင်ကသူ့အစေခံကို မြို့တော်အပြင်ဖက်–အဝေးပြေးလမ်းမကြီးတလျှောက်နှင့် တောစပ်တလျှောက်ရှိ အပြင်လောကသားများကိုလဲခေါ်သွင်းလာရန်စေခိုင်းခဲ့သည်၊ အဘယ့်ကြောင့်ဆိုသော် ညစာပွဲတော်တွင်နေရာလွတ်ရှိနေသေးသောကြောင့်ဖြစ်သည်။ ဤနေရာတွင် တပါးအမျိုးသားများကိုရည်ညွှန်းခြင်းဖြစ်သည်။ တပါးအမျိုးသားများသည် ဖါရိရှဲများ၏မုန်းတီးခြင်းမည်မျှခံခဲ့ရပါသနည်း! သူတို့အလိုအရ တပါးအမျိုးသားများတွင် ဘုရားသခင်၏နိုင်ငံတော်ကိုအမွေခံစားခွင့်လုံးဝမရှိနိုင်ပါ။ သူတို့သည်မသန့်ရှင်းသူများဖြစ်သောကြောင့်၊ သူတို့နှင့်တနည်းနည်းဖြင့်ထိတွေ့မိခြင်းသည် ထုံးတမ်းစဉ်လာအတိုင်း အထူးတလည်ဆေးကြောခြင်းပြုလုပ်ရန်လိုအပ်သည်။ အကယ်၍သူတို့သည်ဘာသာပြောင်းသူများဖြစ်ခဲ့လျှင်လဲ၊ ဗိမာန်တော်အတွင်းထဲကိုခြေချခွင့်မရကြပါ။ အဆုံးတော့သူတို့သည် အာဗြဟံ၏မျိုးစေ့မှမဟုတ်ကြတာဘဲ။ သူတို့သည် အာဗြဟံ၏အမွေခံအဖြစ်မှဖြတ်ထုတ်ခြင်းခံရသောသူများ၊ နာမည်ဆိုးဖြင့်ကျော်ဇောသူများ၊ အရေဖျားလှီးခြင်းမခံသောခွေးများ–သာဖြစ်ကြသည်။ မှန်ပါသည်၊ အကယ်၍ဖါရိရှဲများသာရွေးချယ်သူဖြစ်ခဲ့လျှင်၊ နိုင်ငံတော်ထဲ၌သူတို့အတွက်နေရာမရှိနိုင်ပါ။ သို့သော် သူတို့ကိုလဲ ခေါ်သွင်းမှဖြစ်မည်။ သူတို့သည်အမွေခံစားခွင့်မရှိကြကြောင်း သိကြပြီးသားဖြစ်သည်။ ထို့မျှမက၊ သူတို့သည် အရှင်သခင်ဖြစ်သူ၏စားပွဲမှဖိတ်စဉ်ကျလာသော စားစရာအကြွင်းအကျန်များလောက်နှင့်ကျေနပ်ရသည့်ခွေးသာသာမျှသာဖြစ်ကြကြောင်း သူတို့ကိုယ်တိုင်ဝန်ခံကြပြီးဖြစ်သည်။ သူတို့ကို စားသောက်ပွဲကြီးမှာနေရာရစေနိုင်စရာဘာအကြောင်းမှမရှိကြောင်းသူတို့ကောင်းစွာသိရှိထားကြပြီးဖြစ်သည်။ သူတို့သည် သခင်ဘုရား၏စားပွဲ၌တနေရာစာရဖို့မျှော်လင့်၍မရကြောင်းသိရှိကြပြီးဖြစ်၏။ သူတို့သည် အုပ်စိုးသူဘုရင်များမဟုတ်ကြ၊ မင်းညီမင်းသား၊ ပညာရှိများလည်းမဟုတ်ကြ၊ သူတို့သည်နိမ့်ကျသူ၊အထင်သေးခံရသူများ၊ ခိုနားစရာမရှိသောလူစိမ်းများ၊ ပညာမဲ့သောစာမတတ်ပေမတတ်များ၊ သာမန်ဆင်းရဲသားများသာဖြစ်ကြသည်။ ဘုရားသခင်၏အိမ်တော်ပြည့်လျှံသွားစေဖို့ ဤသူများကိုခေါ်သွင်းရမည်ဟုဘုရားသခင်အမိန့်ပေးလိုက်၏။

ဧည့်သည်တော်များအား ခေါ်ယူလိုက်ပုံ

ကောင်းကင်နိုင်ငံတော်၏စားပွဲတော်ကြီးသို့ ဤနိမ့်ကျသောအောက်ခြေလူတန်းစားများကို မည်သည့်နည်းဖြင့်ခေါ်သွင်းလာခြင်းဖြစ်ပါသနည်း?

ဤကိစ္စသည် ဂျူးလူမျိုးကိုငြင်းပယ်လိုက်ခြင်းဖြင့် တစိတ်တပိုင်းပြည့်စုံသွားပါ၏။ လက်တွေ့တွင် ဂျူးခေါင်းဆောင်များသည် သခင်ခရစ်တော်၏နိုင်ငံတော်ထဲ၌မည်သည့်နည်းနှင့်မျှမပါဝင်ချင်ကြပါ။ သူတို့စိတ်ကူးပုံရိပ်ထဲတွင် ဤကမ္ဘာပေါ်မှနိုင်ငံတော်တခုကိုသာ မြင်ယောင်နေခဲ့ကြသည်။ ဤနိုင်ငံတော်ထဲတွင် သူတို့အတွက်တနေရာစာပိုင်ဆိုင်နိုင်ခွင့်ရှိကြသည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည်ပညတ်တော်၏တောင်းဆိုချက်အတိုင်းအတိအကျလိုက်နာခဲ့ကြ၍ဖြစ်သည်။ ဤနိုင်ငံတော်ထဲတွင် သူတို့အတွက်အလွန်မြင့်မားသော၊ချီးမြှောက်ခံရသောနေရာရဖို့ရှိနေသည်၊

ဘုရားသခင်၌လည်း သူတို့ကိုနေရာပေးယုံမှတပါးတခြားရွေးစရာမရှိတော့။ သူတို့၏လူချမ်းသာအိမ်နီးချင်းက သူတို့ကိုညစာစားပွဲဖိတ်ကြားရသလိုဖြစ်သည်၊ အကြောင်းမှာ သူတို့ကထိုသူကိုညစာစားပွဲသို့အရင်ဆုံးဖိတ်ကြားခဲ့ပြီး၍ဖြစ်သည်။ အလားတူစွာပင် ဘုရားသခင်သည်လည်း သူတို့ကိုအကြွေးတင်နေသည်၊ အလွန်မြင့်မားသောတန်ခိုးအာဏာရှိသည့်အဆင့်အတန်းဖြင့် သူတို့ကိုချီးမြှောက်ခြင်းဖြင့်သာ ထိုအကြွေးကိုပြန်ဆပ်နိုင်မည် စသဖြင့်ထင်မြင်နေကြသည်။

သို့သော် သခင်ခရစ်တော်၏နိုင်ငံတော်(စစ်မှန်သောနိုင်ငံတော်)ကိုတော့ သူတို့မုန်းတီးကြသည်။ သူတို့မုန်းတီးရခြင်းအကြောင်းမှာ ထိုနိုင်ငံ၏အလင်းရောင်ကသူတို့၏ဆိုးညစ်သောနှလုံးသားများကို ထုတ်ပြနေသောကြောင့်ဖြစ်သည်။ ကောင်းစွာဆေးရောင်ခြယ်၍အလှပြင်ထားသောသူတို့၏အပြင်ပန်းပုံစံဖြင့် သူတို့အထဲမှလူသေကောင်အရိုးစုများကို ဖုံးကွယ်ထားခြင်းဖြစ်သည်။ နိုင်ငံတော်၏အလင်းရောင်က သူတို့၏ဇာတိရုပ်အစစ်အမှန်ဖြစ်သော–ပုန်ကန်လိုစိတ်၊ဇာတိပကတိစိတ်၊အရှေ့ချိုကြောင်သူတော်စိတ်၊ပညတ်တော်စာရွက်များကိုသိမ်းဆည်းထားသော်လည်း ဘုရားသခင်၏ချစ်မေတ္တာကို တော်လှန်ကြသောဘုရားမဲ့အမျိုးဖြစ်နေခြင်း–တို့ကို မီးထိုးပြသနေ၏။ ထိုအလင်းသည် သူတို့၏အစစ်အမှန်သဘောကို အသနားအညှာတာမဲ့စွာပြသလျက်ရှိသည်။ ကောင်းကင်နိုင်ငံတော်သို့ဝင်ရာလမ်းသည် လက်ဝါးကပ်တိုင်၏အသွေးတော်လွှမ်းသောလမ်းပင်ဖြစ်သည်။ ဤလမ်းက သူတို့၏အကျင့်အားလုံးကိုဘုရားသခင်ရှေ့၌ယိုယွင်းပျက်စီးနေသောအရာများအဖြစ် သဘောထား၍စွန့်လွှတ်ကြရန်၊ ထိုနိုင်ငံထဲတွင်သူတို့ရပိုင်ခွင့်ရှိသည်ဟုထင်နေကြသောအရာများကို မေ့ထားခဲ့ကြရန်၊ သခင်ခရစ်တော်၏စားပွဲတော်ကြီး၌နေရာတနေရာရယူနိုင်စရာထိုက်တန်သောအရာဘာတခုမျှသူတို့၌မရှိကြောင်းဝန်ခံကြရန်–တောင်းဆိုနေပါ၏။ ဤလမ်းက သူတို့၏ကိုး စားယုံကြည်မှုအားလုံးကို သူတို့အထင်အမြင်သေးခဲ့ကြသော နာဇရက်မြို့သားသခင်ခရစ်တော်၏လက်ဝါးကပ်တိုင် ပေါ်တွင်လုံးဝပုံအပ်ကိုးစားကြရန် တောင်းဆိုနေ၏။ ဤသို့သူတို့မလုပ်နိုင်ပါ။ ထို့ကြောင့်သူတို့ဟာသူတို့ ဆင်ခြေပေး၍ငြင်းဆန်လိုက်ကြသည်။

သူတို့၏ငြင်းဆန်ခြင်းသည် ဘုရားသခင်၏တရားမျှတမှုရှိခြင်းကိုပြသဖို့ရန် နောက်ခံအခြေအနေဖြစ်သွားရတော့သည်။ တမန်တော်ရှင်ပေါလုက ဤအကြောင်းအရာကို ရောမသြဝါဒစာ အခန်း(၉ နှင့် ၁၀)တို့တွင်အကျယ်တဝင့်ရှင်းပြထားသည်။

ဘုရားသခင်၏အချုပ်အချာအာဏာပိုင်သောရည်ရွယ်ချက်ထဲ၌ထိုညှသည်တော်များသည် အ ခြားသူများအတွက်နေရာရစေခြင်းငှာ အငြင်းပယ်ခံခဲ့ရ၏။ ဤအမှုအရာ၏အံ့သြကုန်နိုင်ဘွယ်ကောင်းမြတ်မှုက လူသားတို့ ၏ အရဲတင်းဆုံးသောစိတ်ကူးယဉ်မှုများကိုပင် ကျော်လွန်သွားတော့၏။ ဖါရိရှဲတို့သည် ပြည့်တန်ဆာမများနေ ရာရဖို့ အတွက်အငြင်းခံလိုက်ရသည်။ ကျမ်းတတ်ပုဂ္ဂိုလ်များသည် အခွန်ခံများနေရာရဖို့အတွက်အနှင်ထုတ်ခံလိုက်ရသည်။ ခေါင်းဆောင်များသည် လက်ကျိုးခြေကျိုးများ၊ မသန်မစွမ်းသူများကိုခေါ်သွင်းလာနိုင်ဖို့အတွက် ဝင်ခွင့်မပေး ဘဲအ ငြင်းခံလိုက်ရသည်။ အစ္စရေးအမျိုးသည် တပါးအမျိုးသားများကိုနေရာပေးနိုင်ဖို့အရေး အငြင်းခံလိုက်ရသည်။ ထို့ ကြောင့်လဲ တမန်တော်ရှင်ပေါလုက–"အိုး၊ ဘုရားသခင်၏ဉာဏ်ပညာတော်နှင့် အသိပညာတော်နှစ်ခုစလုံး၏ ကြွယ် ဝမှုသည်နက်နဲလှပါတကား! ရှာတွေ့ဖို့ခက်ခဲလှသော သူ၏တရားစီရင်ခြင်းများ၊ တွေ့မြင်ဖို့ခက်ခဲလှသော သူ၏လမ်း တော်များပါတကား!"–ဟူ၍ဖွင့်ဟချီးမွမ်းခဲ့၏(ရောမ ၁၁:၃၃)။

မေးခွန်းကဆက်၍ရှိနေပါ၏–ဤသို့သော ဆင်းရဲသား၊မျက်မမြင်များ၊ ခြေလက်မသန်အင်္ဂါမစုံများကို မည်ကဲ့သို့ခေါ်သွင်းလိုက်ပါသနည်း? သူတို့တတွေကော သူတို့ကိုယ်ပိုင်ရွေးချယ်မှုအားဖြင့်ဝင်လာခဲ့ကြခြင်းလား?

ပုံဥပမာကိုယ်တိုင်နှင့်သမ္မာကျမ်းစာတခုလုံးက ရှင်းလင်းစွာပေါ်ပြထားသည်မှာ–ဤအထင်သေးခံလူသားများကို အစွမ်းထက်လှသော ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏ခေါ်သံဖြင့် (ဘုရားသခင်၏ထာဝရပဋိညာဉ်တရားတော်တည်းဟူသော) စားပွဲတော်ခန်းမကြီးထဲသို့ခေါ်သွင်းလိုက်ခြင်းဖြစ်သည်–ဟူ၍ဖြစ်၏။ သခင်ဘုရားက ထိုသူများကိုမရမကခေါ်သွင်းလာဖို့ သူ၏အစေခံကိုစေလွှတ်လိုက်၏။ ဤအကြောင်းက အမှုကိစ္စအတော်များများကို ညွှန်ပြနေပါ၏။

ပထမဆုံးအနေဖြင့်၊ ဤအရာသည် ကိုယ်ကျင့်တရားဆိုင်ရာ မလွန်ဆန်သာသောဆွဲဆောင်မှုတရပ်၊ အနိုင်အထက်စကားပြောဆိုလုပ်ခြင်းတရပ်၊ စိတ်ခံစားမှုများကိုနှိုးဆွပေးခြင်းတရပ်–မဟုတ်ပါ။ ဤအရာများသည် ကျွန်တော်တို့ခေတ်တွင် သခင်ခရစ်တော်၏ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ဈေးအပေါဆုံးရောင်းကုန်အဖြစ် လမ်းတကာလည်ရောင်းနေကြသောသူများ၏ ဆိုလိုရင်းဖြစ်နေကြသည်။ ထိုသို့လုပ်ခြင်းသည် သခင်ခရစ်တော်၏ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ရှုံ့ချနေခြင်းပင်ဖြစ်၏။

ဒုတိယအနေဖြင့်၊ လွန်ခဲ့သောအချိန်တချို့တွင် အသင်းတော်ကအတင်းအကျပ်ပြုကျင့်ခဲ့သော ဓါးနှင့်မီးလျှံနည်းလမ်း(လူတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်း၊သတ်ဖြတ်ခြင်းအားဖြင့် အသင်းဝင်စေခြင်း)လဲမဟုတ်ပါ။

သို့ဖြစ်သော်လည်း၊ ဤအရာသည် 'မရမကခိုင်းစေခြင်း' ဟူသောစကားလုံး၏ အတိကျဆုံးသောအနှစ်သာရထဲတွင်ရပ်တည်နေပါ၏။ ပုံဥပမာထဲတွင် ဖါရိရှဲများသည်မဖြစ်မနေဝင်လာဖို့ခေါ်ခြင်းမခံရဘဲ၊ ဆင်းရဲသားများသာမဖြစ်မနေဝင်လာဖို့ခေါ်ခြင်းခံရကြောင်း အတိအကျဖေါ်ပြထားကြောင်း သတိပြုပါ။ ဤအချက်က အချုပ်အချာအာဏာပိုင်သောကွဲပြားခြားနားခြင်းကို အစိပ္ပါယ်ဆောင်နေပါ၏။ မည်သူသည်မဖြစ်မနေဝင်လာရမည့်သူဖြစ်ကြောင်းကို ဘုရားသခင်ကဆုံးဖြတ်ခြင်းဖြစ်၏။ ဆိုလိုသည်မှာ ဘုရားသခင်ကသူ့အလိုတော်ရှိသောသူကို ငြင်း၍မရသော၊အချုပ်အချာအာဏာပိုင်သော၊–ခေါ်သံဖြင့် ခေါ်တော်မူ၏–ဟူ၍ဖြစ်သည်။ ဖါရိရှဲများသည်ဝင်လာဖို့ခေါ်သောအမိန့်တော်ရှေ့တွင် နေရာချထားခံရကြောင်းမှန်ပါသည်၊ သို့သော်သူတို့သည်မဖြစ်မနေဝင်လာဖို့ခေါ်ခြင်းမခံရပါ။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏အစွမ်းထက်မြက်သောခေါ်သံသည် ရွေးကောက်ခြင်းဆိုင်ရာအချုပ်အချာအာဏာပိုင်သော အမိန့်ဒီကရီပေါ်တွင်အခြေခံထားခြင်းဖြစ်သည်၊ ဤအရာက လူတို့အကြားကွဲပြားခြားနားမှုကိုဖြစ်ပေါ်စေသည်။ ဤအရာသည် သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်တော်၏ အချုပ်အချာအာဏာပိုင်စွာကွဲပြားခြားနားစေခြင်းအပေါ်တွင်အခြေခံထားသည်၊ အကြောင်းမှာ လက်ဝါးကပ်တိုင်တော်သည် အသက်စမ်းချောင်းအလယ်တွင်စိုက်ထူထားသောကြောင့်ဖြစ်သည်၊ ထို့အတူ လက်ဝါးကပ်တိုင်ပေါ်မှခရစ်တော်သည်လူသားအားလုံးအတွက်အသေခံခြင်းမဟုတ်၍ဖြစ်သည်။ သူသည်ရွေးကောက်ထားသူများအတွက်အသေခံခြင်းဖြစ်သည်၊ အကြောင်းမှာ လက်ဝါးကပ်တိုင်သည် အချုပ်အချာအာဏာပိုင်စွာရွေးကောက်ခြင်း၏ပြယုဂ်ဖြစ်သောကြောင့်ဖြစ်သည်။ ထို့မျှသာမက၊ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏ခေါ်သံသည် လုံးဝဥဿုံငြင်းပယ်၍မရသောခေါ်သံဖြစ်သည်။ ဤအရာသည် အခေါ်ခံရသောအပြစ်သား၏နှလုံးသားအထဲသို့ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအားဖြင့် ရောက်ရှိသွားသော ဘုရားသခင်၏(သခင်ခရစ်တော်မှတဆင့်) ခေါ်သံဖြစ်ပြီး၊ ငြင်းပယ်၍လဲမရ၊အချည်းနှီးလဲမဖြစ်–သောခေါ်သံဖြစ်သည်။ ဤအရာသည် ၎င်း၏ရည်ရွယ်ချက်(ကောင်းကင်နှင့်မြေကြီး၏ အချုပ်အချာအာဏာပိုင်သောအရှင်သခင်၏ရည်ရွယ်ချက်လဲဖြစ်သည်)ကို အမြဲတမ်းအောင်မြင်ထမြောက်စေမြဲဖြစ်သည်။ ဤခေါ်သံသည်'မရမကခိုင်းစေခြင်း'ဟူသောစကားလုံး၏ အတိကျဆုံးသောအနှစ်သာရဖြစ်နေပါ၏။ ခေါ်ခြင်းခံရသောသူတို့သည် အသေအချာလာကိုလာရမည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့ကိုဘုရားသခင်ကခေါ်ယူလာသောကြောင့်ဖြစ်သည်။ "ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်ကဆွဲခေါ်ခြင်းမပြုဘဲနှင့် မည်သူမျှငါ့ထံသို့မလာနိုင်၊ ထို့အတူ ငါသည်ထိုသူကိုနောက်ဆုံးသောနေ့မှာရှင်ပြန်ထမြောက်စေမည်"(ယောဟန် ၆း၄၄)။

ထူးဆန်းလှစွာပင်၊ ဤကဲ့သို့ဝင်လာသောသူသည်၊ ဝင်လာဖို့ မရမကခိုင်းစေခံရခြင်းဖြစ်သော်လည်း၊ စိတ်ပါလက်ပါဝင်ရောက်လာပါ၏။ စားသောက်ပွဲကြီးသို့ယူဆောင်လာခြင်းခံရသောသူတို့သည် ဘုရားသခင်၏စားသောက်ပွဲခန်းမကြီးထဲသို့ လာချင်စိတ်မရှိဘဲအတင်းဒရွတ်တိုက်ဆွဲခေါ်လာခြင်းမခံရကြပါ။ ဘုရားသခင်က မာကြောသောအပြစ်သား၏နှလုံးသားများပျော့ပြောင်းလာအောင်၊ ဘုရားသခင်အားဆန့်ကျင်သောစိတ်သဘောကို ဘုရားသခင်ဖက်ပြန်လှည့်လာအောင်ပြုပြင်ပေးခြင်းအားဖြင့်ခေါ်လိုက်ခြင်းဖြစ်သည်။ ဘုရားသခင်က အသက်တာပြောင်းလဲခြင်း၊ နောင်တရခြင်း နည်းလမ်းအားဖြင့်ခေါ်လိုက်ခြင်းဖြစ်သည်။ ဘုရားသခင်က အပြစ်သားကစိတ်ပါလက်ပါလာရောက်သူဖြစ်အောင် တန်ခိုးကြီးစွာလုပ်ဆောင်သောနည်းဖြင့်ခေါ်လိုက်ခြင်းဖြစ်သည်။ ဤအရာသည် ကယ်တင်ခြင်း၏ကောင်းမြတ်မှု၊ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏လျှို့ဝှက်နက်နဲမှုပင်ဖြစ်သည်။ အဝေးပြေးလမ်းမပေါ်မှ၊ တောစပ်မှ၊ လူများသည် ဖါရိရှဲများထက်ပို၍လာလိုစိတ်ရှိမနေခဲ့ကြပါ။ သို့သော်သူတို့သည် အစွမ်းထက်မြက်လှသောဝမ်းမြောက်ဘွယ်ရာသတင်းကောင်းအားဖြင့် ဘုရားသခင်နှင့်လက်ဝါးကပ်တိုင်ဆီသို့ စိတ်ပါလက်ပါပြန်လှည့်လာစေသောနည်းဖြင့်ယူဆောင်ခြင်းခံရကြ၏။

သူတို့တတွေသည်ဝိညာဉ်ဖက်မှာဆင်းရဲကြသူတွေလား? သူတို့သည် နူးညံ့သိမ်မွေ့သောသူ၊နိမ့်ကျသောသူ၊နှိမ့်ချသောသူ၊နောင်တရသောသူတွေလား? သူတို့သည် သူတို့အပြစ်များကိုသိမြင်လျက်၊ သူတို့၏ထိုက်တန်မှုမရှိခြင်းကိုတွေ့မြင်ကြသူများလား? ဟုတ်ပါသည်၊ သို့သော် သူတို့နှလုံးသားအတွင်းမှာထွန်းလင်းလာသော ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏တန်ခိုးတော်က ထိုသို့သောသူဖြစ်သွားစေခြင်းဖြစ်သည်။ ဘုရားသခင်သည် ငြင်းဆန်၍မရသောခေါ်သံဖြင့်ခေါ်ခြင်းဖြစ်၏။ ဘုရားသခင်က အပြစ်သားဖြစ်သူကို နိုင်ငံတော်၏စားသောက်ပွဲဆီသို့ စိတ်အားထက်သန်စွာ၊ လိုချင်စိတ်ရှိစွာဖြင့်ပြန်လှည့်လာစေသော လျှို့ဝှက်နက်နဲသောနည်းလမ်းဖြင့်ခေါ်ခြင်းဖြစ်၏။ ဘုရားသခင်ကခေါ်ခြင်းခံရသောသူတို့သည် အပြစ်တရားအတွက်နောင်တရခြင်းနှင့်ဝန်ချတောင်းပန်ခြင်းအားဖြင့် လာရောက်စေသောနည်းဖြင့်အခေါ်ခံရခြင်းဖြစ်၏။

ဘုရားသခင်၏အိမ်တော်သည်ပြည့်လျှံနေ၏၊ သို့သော်ဘုရားသခင်ကိုယ်တိုင်ဖြည့်ထဲ့လိုက်ခြင်းဖြစ်ပါ၏။

ဘုရားသခင်က သူ့အိမ်တော်ကိုဆင်းရဲသားများဖြင့်ပြည့်စေရခြင်းအကြောင်းရင်း

အဘယ့်ကြောင့် ဘုရားသခင်၏အိမ်တော်သည် ထိုသို့သောသူများနှင့်ပြည့်လျှံသွားဖို့လိုအပ်ရသနည်း?

နှုတ်ကပတ်တော်က–"ထို့နောက်၊သခင်ဘုရားက–"မြို့ပြင်လမ်းမ၊ခြံနား၊သို့သွားဦးလော့။ငါ့အိမ်ကိုပြည့်စေခြင်းငှာ မရမကခေါ်သွင်းလော့။ အကြောင်းမူကား သင့်ကိုငါပြောမည် အထက်ကငါခေါ်ဘိတ်သောသူတယောက်မျှ ငါ့ညစာစားပွဲကိုမြည်းစွင့်ပင်ရမည်မဟုတ်၊ငါအမိန့်ရှိပြီ"–ဟုအစေအပါးကိုဆိုသည်"–ဟုမှတ်တမ်းတင်ထားခြင်းအားဖြင့် အထက်ပါမေးခွန်းကိုဖြေဆိုပေးလိုက်ပြီးဖြစ်၏။

နောက်တနည်းဆိုရလျှင်၊ သခင်ဘုရားပြောချင်သောအစိပ္ပါယ်မှာ–အိမ်တော်သည်ဧည့်သည်တော်များဖြင့် ပြည့်လျှံနေစေခြင်းအားဖြင့် မိမိကိုယ်ကိုယ်ဖြောင့်မတ်စေသူများ၊ မာနထောင်လွှားသူများအတွက် ထာဝရကာလပတ်လုံးမည်သည့်အခါမှနေရာမရှိစေဖို့အတွက်ဖြစ်ပေ၏။ နောက်ဆုံးတရားစီရင်ရာနေ့ရောက်သောအခါတွင် ဆိုးညစ်သူတို့သည် သူတို့အပြုအမူများ၏ကြောက်မက်ဘွယ်ရာအကျိုးဆက်များကိုရင်ဆိုင်ကြရမည်ဖြစ်ပြီး၊ သူတို့၏အပြစ်များကြောင့်သာမက၊ သူတို့အတွက်နေရာမရှိတော့သောကြောင့်– နိုင်ငံတော်ထဲဝင်ခွင့်ရကြတော့မည်မဟုတ်ပါ။ သူတို့တတွေ ဆင်ခြေဆင်လက်ပေးရင်းအလုပ်များနေကြချိန်မှာ အိမ်တော်သည်ပြည့်လျှံသွားခဲ့ပြီဖြစ်၏။ ထို့နောက်တွင် သူတို့တတွေ နေရာလွတ်မရှိသောအိမ်ကြီးရှေ့တွင်ခြေစုံရပ်၍ ဝင်ခွင့်ပြုဖို့တောင်းပန်ကြသည့်အခါတွင်၊ ဧည့်သည်တော်ကြီးများသည် ကောင်းကင်ဘုန်းကျက်သရေအပြည့်ဖြင့် နေရာယူထားကြပြီးဖြစ်ကြောင်း သူတို့ကိုပြသလိမ့်မည်ဖြစ်ပြီး သူတို့အတွက်နေရာမရှိတော့ကြောင်းတွေ့လာရလိမ့်မည်ဖြစ်၏။ မည်မျှဆိုးရွားသောအတွေ့အကြုံဖြစ်လိမ့်မည်နည်း!

အပြုသဘောဖက်မှပြောရလျှင်၊ ဂျူးအမျိုးနှင့်၊တပါးအမျိုး– နှစ်ခုစလုံးမှ ရွေးကောက်ခြင်းခံရသူများအားလုံး ကယ်တင်ခြင်းခံကိုခံရမည်ဖြစ်၏။ အသင်းတော်တခုလုံးကိုဘုန်းတန်ခိုးတော်ထဲသို့ခေါ်သွင်းလာရမည်ဖြစ်၏။ ကမ္ဘာလုံးဆိုင်ရာအသင်းတော်အဖြစ် ကယ်တင်ခြင်းခံရမည်ဖြစ်၏။ ထို့ကြောင့် လူမျိုးအားလုံး၊နိုင်ငံအားလုံး၊ဘာသာစကားအားလုံး–ထဲမှနေ၍ အသင်းတော်ကိုစုသိမ်းခြင်းအားဖြင့်သာ ဘုရားသခင်၏ရည်ရွယ်ချက်အလုံးစုံ ပြီးမြောက်နိုင်မည်ဖြစ်၏။ ထိုအခါကျမှသာ ဘုရားသခင်၏ကျေးဇူးတော်၏ဘုန်းတန်ခိုးအလုံးစုံသည် ကြီးကျယ်ခမ်းနားခြင်းအားလုံးဖွင့်လှစ်ပြသခြင်းရှိနိုင်မည်ဖြစ်၏။

ထိုသို့ဆိုလျှင် အိမ်တော်ကို ဆင်းရဲသားများ၊လူအထင်သေးခံများဖြင့် အဘယ့်ကြောင့်ပြည့်လျှံစေရသနည်း?

ဤအမှုအရာသည် သမိုင်းတလျှောက်တွင် ဘုရားသခင်၏အလုပ်လုပ်ပုံပင်ဖြစ်ကြောင်းကို အံ့သြဘွယ်ရာတွေ့ရ၏။ တန်ခိုးကြီးသူ၊ချမ်းသာသူ၊ဉာဏ်ပညာကြီးသူ၊ ခေါင်းဆောင်သူ၊ အုပ်ချုပ်သူ၊– တို့ကိုမခေါ်ပါ။ အမြဲတမ်းပင်ဆင်းရဲသား၊ အထင်သေးခံရသူ၊ လောကီစံနှုန်းအရစံမမှီသူများသာလျှင် နိုင်ငံတော်ထဲသို့ထည့်သွင်းခံရပါ၏။ ဤသို့ဖြစ်နေသည်မှာ အချိန်ကာလစတင်ကထဲကဖြစ်၏။ သခင်ခရစ်တော်ပြန်မလာမချင်း ဤသို့ဆက်ဖြစ်နေဦးမည်ဖြစ်၏။ တမန်တော်ရှင်ပေါလုကဤအကြောင်းကို (၁ကော ၁း၂၆–၂၈)တွင်–"အကြောင်းမူကား၊ ညီအကိုတို့၊ သင်တို့ကိုခေါ်တော်မူခြင်းအကြောင်းအရာကို ဆင်ခြင်ကြလော့။ ခေါ်တော်မူသောသူတို့တွင် လောကီပညာရှိအများမပါ။ ထင်ရှားသောလူကြီးအများမပါ။ မင်းအမျိုးအနွယ်ဖြစ်သောသူအများမပါ။ ဘုရားသခင်သည် ပညာရှိတို့ကိုရှက်ကြောက်စေခြင်းငှာ၊လောကီအရာ၌မိုက်မဲသောသူတို့ကို ရွေးကောက်တော်မူ၏။ အစွမ်းသတ္တိရှိသောသူတို့ကိုရှက်ကြောက်စေခြင်းငှာ၊ လောကီအရာ၌အားနည်းသောသူတို့ကိုရွေးကောက်တော်မူ၏။ မြတ်သောသူတို့ကိုရှက်ကြောက်စေခြင်း ငှာ လောကီအရာ၌ဆင်းရဲသောသူ၊မရေရာသောသူ၊ ယုတ်သောသူတို့ကို ရွေးကောက်တော်မူ၏"–ဟူ၍သွန်သင်ပေးထား ၏။

အဘယ့်ကြောင့်နည်း? မာနထောင်လွှား၊ဝါကြွားသူများကိုအဘယ့်ကြောင့် မခေါ်သွင်းရသနည်း? ထာဝရဘုန်းထင်ရှားရာစားပွဲတော်ကြီးအထဲသို့ နူးညံ့သူများ၊နှိမ့်ချသူများကိုသာ အဘယ့်ကြောင့်စုသိမ်းလိုက်ပါသနည်း? အဖြေကို နှုတ်ကပတ်တော်အနှံ့အပြားတွင်ဖြေဆိုပေးထား၏။ ဥပမာ၊ ရှင်ပေါလုက (ဖေက် ၂း၈–၉)တွင်–"ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ့်အလိုအလျောက်ရောက်သည်မဟုတ်၊ ဘုရားသခင်၏ဆုကျေးဇူးတော်ဖြစ်၏။ ကိုယ့်လုပ်ဆောင်မှုကြောင့်မဟုတ်၊ သို့ဖြစ်၍ အဘယ်သူမျှဝါကြွားစရာအကြောင်းမရှိ"–ဟု သွန်သင်ပေးထား၏။

သို့မဟုတ်လျှင်လဲ (၁ကော ၁း၂၉–၃၁)ထဲတွင်–"ထို့ကြောင့်၊ ဘုရားသခင်ရှေ့၌အဘယ်သူမျှဝါကြွားစရာအကြောင်းမရှိ။ ထိုဘုရားသခင်အားဖြင့် သင်တို့သည်ယေရှုခရစ်၌တည်နေကြ၏။ ထိုသခင်မူကား၊ ဘုရားသခင်စီရင်တော်မူသည်အတိုင်း၊ ငါတို့၌ပညာလဲဖြစ်၊ဖြောင့်မတ်ခြင်းလဲဖြစ်၊သန့်ရှင်းခြင်းလဲဖြစ်၊ရွေးနှုတ်ခြင်းလဲဖြစ်–

တော်မူ ၏။ သို့ဖြစ်၍၊ ကျမ်းစာလာသည်နှင့်အညီ၊ ဝါကြွားသောသူမည်သည်ကား၊ ထာဝရဘုရား၌သာဝါကြွားစေ”–ဟူ၍ သွန်သင်ပေးထားကြောင်းထပ်တွေ့နိုင်၏။

ဘုရားသခင်က အားနည်းသောသူနှင့်အထင်အမြင်သေးခံရသူများကိုခေါ်တော်မူခြင်းအားဖြင့် သူတပါးတည်းသာလျှင် ကယ်တင်ခြင်း၏ဘုရားသခင်ဖြစ်ကြောင်း သက်သေထင်ရှားစေဖို့ဖြစ်ပါ၏။ သူ၏ကျေးဇူးတော်ကိုလုံးဝအရည်အချင်းမပြည့်သူအားပေးအပ်လိုက်၏။ မထိုက်မတန်သူအားပေးအပ်လိုက်၏။ သူသည် ဖါရိရှဲလုပ်သလို(သူ့ကို ပြန်ဖိတ်ကြားခြင်းခံရဖို့အတွက်ရည်ရွယ်၍သူတပါးကိုဖိတ်ခေါ်ခြင်း) မလုပ်ပါ။ သူက ဆင်းရဲသူ၊မျက်ကန်းသူ၊ မသန်မစွမ်းသူ–များကိုသာခေါ်လိုက်ခြင်းဖြင့်၊ ဤအရာသည် ကျေးဇူးတော်ဖြစ်ကြောင်းသက်သေထင်ရှားစေလိုက်၏။ အ ကြောင်းမူကား သူ့ကိုပြန်လည်ပေးဆပ်နိုင်ခြင်း၊ ဆုချနိုင်ခြင်းမရှိသော ကျေးဇူးတော်ကိုပေးအပ်လိုက်သောကြောင့်ဖြစ်၏။ သူ၏ကျေးဇူးတော်ကို မထိုက်တန်သောသူများထံသို့ပေးအပ်လိုက်၏။ ဤသို့သော ကြီးကျယ်ခန်းနားသည့်နည်းလမ်းအားဖြင့် ဘုန်းတန်ခိုးရှိသမျှသည် ထာဝရကာလပတ်လုံးဘုရားသခင်အတွက်သာဖြစ်ရတော့၏။ သူတပါးတည်းသာလျှင် ချီးမွမ်းခြင်းအလုံးစုံကိုခံထိုက်သောအရှင်ဖြစ်၏။ သူတပါးတည်းသာလျှင် ဤဘုန်းထင်ရှားခြင်းကိုသူ့အတွက်ပိုင်စိုးမည်ဖြစ်၏။ ဤချီးမွမ်းခြင်းအလုံးစုံကို (သူ့ကိုယ်သူကယ်တင်ခြင်းခံရဖို့မထိုက်တန်ကြောင်းသိနေသော) ကယ်တင်ခြင်းခံရသည့်အသင်းတော်ထံမှလဲ ဘုရားသခင်တပါးတည်းသာလျှင်ပိုင်ဆိုင်ဦးမည်ဖြစ်၏။ သူသည် ချီးမွမ်းခြင်းအလုံးစုံကို ထာဝရကာလတလျှောက်လုံးခံစားသွားမည်ဖြစ်၏။

ဝါကြွားသောသူမည်သည်ကား၊ ထာဝရဘုရား၌သာဝါကြွားစေ!

(The Mysteries of the Kingdom, Rev. Herman Hanko **၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။**)

---

---

ရောမ ၂း၁–၂၉ (ဂျိန်းဘုရင်မူ)
၁ – ထို့ကြောင့် အို အသင်လူသား၊ သင်သည် ဆင်ခြေတက်၍မရပါ၊ မည်သူ့ကို သင် တရားစီရင်သည်ဖြစ်စေ၊ မည်
ကဲ့သို့စီရင်သည်ဖြစ်စေ၊ သင်သည် မိမိကိုယ်ကို ပြစ်တင်ရှုတ်ချခြင်းဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သူများကို
တရားစီရင်နေသောသင်သည် ထိုအရာများကိုပြုနေပြန်သူဖြစ်ပါသည်။ ၂ – သို့သော် ဘုရားသခင်၏ တရားစီရင်
ခြင်းသည် ထိုသို့သောအရာများအား ကျူးလွန်နေကြသူများကိုဆန့်ကျင်လျှက် အမှန်တရားနှင့်အညီ ရောက်လာမည်
ကို ငါတို့ သေချာစွာသိကြပါသည်။ ၃ – ထိုသို့သောအရာများကို ကိုယ်တိုင်ကျူးလွန်နေလျှက်၊ ထိုသို့ပြုသောအခြား
သူများကို တရားစီရင်နေသော အို အသင်လူသား၊ သင်သည် ဘုရားသခင်၏တရားစီရင်ခြင်းမှ လွတ်မည်ဟုထင်နေ
ပါသလား? ၄ – (သို့) သင်သည် သူ၏ ကြွယ်ဝလှသော ကောင်းမြတ်ခြင်း၊ သည်းခံခြင်း၊ စိတ်ရှည်ခြင်းတို့ကို အထင်
သေးနေပါသလား? ဘုရားသခင်၏ကောင်းမြတ်ခြင်းက သင့်ကို နောင်တရခြင်းသို့ ဦးဆောင်နေသည်ကို မသိဘဲဖြစ်
နေပါသလား? ၅ – သို့သော် သင်၏ခေါင်းမာခြင်းနှင့်စိတ်မရှည်သောနှလုံးသားအတိုင်း၊ သင်သည် အမျက်တော်နေ့၊
ဘုရားသခင်၏တရားစီရင်ရာနေ့၌ မိမိကိုယ်တိုင်အတွက် အမျက်ဒေါသကို စုဆောင်းနေပါသလား? ၆ – ဘုရားသ
ခင်သည် လူတိုင်းကို သူတို့၏အပြုအမူအတိုင်း ပေးဆပ်မည်ဖြစ်သည်။ ၇ – သည်းခံခြင်းဖြင့် ကောင်းမွန်စွာလုပ်ကိုင်
နေကြသူများထံ ဂုဏ်ကျက်သရေနှင့် မသေနိုင်သောအဖြစ်၊ ထာဝရအသက်တို့ကို ပေးတော်မူမည်။ ၈ – သို့သော်
ငြင်းဆန်သူများ၊ အမှန်တရားကို မနာခံသူများ၊ မဖြောင့်မှန်ခြင်းကို နာခံသူများကိုမူ ဒေါသနှင့်အမျက်တော်ကို ပေး
တော်မူပါမည်။ ၉ – အတိဒုက္ခရောက်ခြင်းနှင့် ပြင်းပြသောဝေဒနာတို့ကို ဆိုးညစ်ခြင်းပြုသူတိုင်း၏ဝိညာဉ်အပေါ်သို့
ရောက်စေမည်၊ ပထမ ဂျူးတို့ထံ၊ ထို့နောက် တပါးအမျိုးသားတို့ထံလည်း ရောက်ပါမည်။ ၁၀ – သို့သော် ဂုဏ်ကျက်
သရေ၊ ဂုဏ်ပြုခံရခြင်းနှင့် ငြိမ်းချမ်းခြင်းတို့အား ကောင်းမြတ်ခြင်းကို လုပ်ဆောင်ကြသူတို့ထံ ရောက်စေမည်၊ ပထမ
ဂျူးတို့ထံသို့၊ ထို့နောက် တပါးအမျိုးသားတို့ထံလည်း ရောက်ပါမည်။ ၁၁ – အဘယ်ကြောင့်ဆိုသော် ဘုရားသခင်
သည် မျက်နှာလိုက်သူမဟုတ်ပါ။ ၁၂ – အဘယ်ကြောင့်ဆိုသော် ပညတ်တော်အပြင်၌ အပြစ်ပြုကြသူများအားလုံး
သည်၊ ပညတ်တော်အပြင်၌ ပျက်စီးကြပါသည်။ ထို့အတူ ပညတ်တော်ထဲ၌ အပြစ်ပြုကြသူများအားလုံးသည်၊ ပညတ်
တော်အားဖြင့် တရားစီရင်ခံကြရမည်သာဖြစ်ပါသည်။ ၁၃ – (အဘယ်ကြောင့်ဆိုသော် ပညတ်တော်များကို ကြားယုံ
မျှကြားသူများ ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်ကြသည်မဟုတ်ပါ၊ သို့သော် ပညတ်တော်များကို လက်တွေ့လုပ်သူ
များသာ ဖြောင့်မတ်ကြမည်ဖြစ်သည်) ၁၄ – ပညတ်တော်မရရှိကြသော တပါးအမျိုးသားတို့သည် သဘာဝအားဖြင့်
ပညတ်တော်တွင်ပါသောအရာတို့ကို ပြုကြသည့်အခါ၊ ပညတ်တော်တို့ကို မရရှိကြသဖြင့်၊ သူတို့ကိုယ်တိုင်သည် ပ
ညတ်တော်များ ဖြစ်လာကြပါသည်။ ၁၅ – ထိုအချက်က သူတို့နှလုံးသားများထဲတွင်ရေးထားသော ပညတ်တော်၏
အလုပ်များကို ပြနေပါသည်၊ သူတို့၏ ဩတ္တပ္ပစိတ်များကလည်း သက်သေခံနေပါသည်၊ ထို့အပြင် ယှဉ်ချိန်တွင်

သူတို့ ၏အတွေးအခေါ်များဖြင့် တဦးကိုတဦး၊ စွပ်စွဲကြလျက် (သို့) ခွင့်လွှတ်ကြသည့်အခါ၊ ၁၆ – တရားစီရင်မည့်နေ့တွင် ငါ၏သတင်းကောင်းအတိုင်း ဘုရားသခင်သည် လူတို့၏လျှို့ဝှက်ချက်များကို ယေရှုခရစ်တော်အားဖြင့် တရားစီရင် မည်ဖြစ်သည်။ ၁၇ – ဂျူးဟု မိမိကိုယ်ကိုခေါ်နေသော သင် ကြည့်ပါ၊ သင်သည် ပညတ်တော်ထဲတွင် စိတ်ချလက်ချ နေသူဖြစ်သည်၊ ဘုရားသခင်ကို မိမိကြွားဝါစရာဖြစ်စေသူဖြစ်သည်၊ ၁၈ – သူ၏အလိုတော်ကို သင်သိသည်၊ ပညတ် တော်များဖြင့် သွန်သင်ခြင်းခံရသူဖြစ်သည်နှင့်အညီ၊ ပို၍ထူးကဲသောအရာများကို စမ်းသပ်သိရှိသဘောကျပြီးသူ ဖြစ် သည်။ ၁၉ – သင်သည် မိမိကိုယ်ကို မျက်ကန်းတို့အား လမ်းပြသူဟု စိတ်ချယုံကြည်နေပါသလား? အမှောင်ထဲနေရ သူတို့၏အလင်းဟု ထင်နေပါသလား ? ၂၀ – လူမိုက်တို့ကို သွန်သင်သူ၊ ကလေးတို့၏ဆရာ၊ အသိပညာ၏ပုံသ ဏ္ဍာန်ကိုသိသူ၊ ပညတ်တော်၌အမှန်တရားကိုသိသူဟု ထင်နေပါသလား? ၂၁ – ထို့ကြောင့် သင်သည် အခြားသူတို့ ကို သင်နေလျက်၊ မိမိကိုယ်ကို မသင်ဘဲနေပါသလား? သင်က လူသည် မခိုးသင့်ဟု ဟောပြောနေလျက်၊ ခိုးနေသူ ဖြစ်ပါသလား? ၂၂ – သင်က လူသည် သူ့မယားကိုမပြစ်မှားသင့်ဟု ပြောနေလျက်၊ ကိုယ်တိုင်ပြစ်မှားနေပါသလား ? သင်သည် ရုပ်တုများကို စက်ဆုပ်ရွံရှာလျက်ပင် ဘာသာရေးနှင့်ဆိုင်သည်များကို စော်ကားမော်ကားပြုနေပါသလား ? ၂၃ – သင်သည် ပညတ်တော်တို့အတွက် ဝါကြွားလျက်နှင့် ပညတ်တော်များကို ချိုးဖေါက်လျက် ဘုရားသခင်ကို အ ရှက်ရနေစေပါသလား? ၂၄ – ကျမ်းစာ၌ရေးထားသကဲ့သို့ သင့်အားဖြင့် ဘုရားသခင်၏နာမည်သည် တပါးအမျိုး သားတို့ထဲတွင် အစော်ကားခံနေရပါသည်။ ၂၅ – အဘယ်ကြောင့်ဆိုသော် အရေးဖျားလှီးခြင်းသည် အမှန်ပင် အ ကျိုးရှိပါသည်၊ ပညတ်တော်ကို သင်စောင့်ရှောက်လျှင်ဖြစ်သည်၊ သို့သော် သင် ပညတ်တော်ကို ချိုးဖေါက်လျှင်၊ သင် ၏အရေးဖျားလှီးခြင်းသည် အရေဖျားလှီးခြင်း မခံသကဲ့သို့ ဖြစ်သွားပါသည်။ ၂၆ – ထို့ကြောင့် အရေဖျားလှီးခြင်းမခံ သူက ပညတ်တော်၏ဖြောင့်မတ်ခြင်းကို စောင့်ရှောက်လျှင် သူ၏အရေးဖျားလှီးခြင်းမခံမှုကို အရေးဖျားလှီးခြင်းခံရသ ကဲ့သို့ သတ်မှတ်မည်မဟုတ်ပါလား? ၂၇ – ထို့အပြင် အရေးဖျားလှီးခြင်းမခံသူသည် ပညတ်တော်ကို ပြည့်စုံစေလျှင် ကျမ်းစာရှိသူ၊ အရေးဖျားလှီးခြင်းခံရသူ သင်သည် ပညတ်တော်များကိုချိုးဖေါက်သူဖြစ်သည်ဟု ပြောမည်မဟုတ်ပါ လား? ၂၈ – အဘယ်ကြောင့်ဆိုသော် အပြင်ပန်းအားဖြင့်သာ ဂျူးဖြစ်သူသည် ဂျူးမဟုတ်ပါ၊ ထို့အတူ အပြင်ဖက် အရေပြားအပေါ်၌သာ အရေဖျားလှီးခံခြင်းသည် အစစ်အမှန်မဟုတ်ပါ။ ၂၉ – သို့သော် အတွင်းသဘောအားဖြင့် ဂျူးဖြစ်သူသာ စစ်မှန်ပါသည်၊ စာဖြင့်မဟုတ်၊ နှလုံးသား၌၄င်း၊ ဝိညာဉ်၌၄င်း အရေဖျားလှီးခြင်းသာ စစ်မှန်ပါသည်၊ သူ့ကို လူတို့က မချီးမွမ်းပါ၊ ဘုရားကသာ ချီးမွမ်းပါသည်။